မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်၊ ၂၀၀၉ ခုနှစ်၊ မေ ၂ ရက်၊ စနေနေ့၊ အတွဲ (၄၈)၊ အမှတ် (၂၀၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး မကွေးတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် ဧပြီ ၂၉ ရက် နံနက်ပိုင်းတွင် မကွေးတပ်နယ် အောင်နိုင်ဟိန်းခန်းမ၌ မကွေးတပ်နယ်မှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များကိုမှာကြားပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် မကွေးမြို့တော်ခန်းမ၌ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ ●

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်၌ တစ်နှစ်တာကာလအတွင်း နေအိမ်နှင့် အဆောက်အအုံများ မူလထက်ကောင်းမွန်သော အနေအထားရောက်ရှိ

ဘိုကလေးမြို့နယ် တောင်သလဲကျေးရွာအနီး တည်ဆောက်ပြီးစီးနေသော **Cyclone Shelter** ကလည်း အနီးပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများ သဘာဝဘေးဒဏ်မှ ခိုလှုံရန် ဆောက်လုပ်ပြီးစီးနေပေပြီ။ (မြန်မာ့အလင်း)

ရန်ကုန် မေ ၁

ဧရာဝတီတိုင်း ဘိုကလေးမြို့ကို ဒုတိယအကြိမ်ရောက်ခဲ့ပြန်လေပြီ။ ပြီးခဲ့သည့်နှစ် မေလ ၈ ရက်က ရောက်ရှိခဲ့သည့် မြင်ကွင်းနှင့် ယခုမြင်ကွင်းကား လုံးဝ ခြားနားပြောင်းလဲသွားခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း ဘိုကလေးမြို့၏ တိုးတက်ပြောင်းလဲမှုက အံ့သြစရာပင်။

စာမျက်နှာ ၉ ကော်လံ ၁ *

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - ကျော်မြင့်သန်း(လမ်းမတော်)
စာမျက်နှာဖွဲ့စည်းမှု - ဟန်စိုး (မြန်မာ့အလင်း)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၉ ခုနှစ် မေ ၂ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေး အလုပ်သမားထုတစ်ရပ်လုံး ဝိုင်းဝန်းလက်တွဲ ကြိုးပမ်း

၂၀၀၉ ခုနှစ် မေလ ၁ ရက်နေ့သည် အလုပ်သမားနေ့ဖြစ်သည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းရေးအတွက် အလုပ်သမားကြီးများအပါအဝင် ပြည်ထောင်စုတိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်သော စွမ်းပကားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့၏ ပေါင်းစည်း စည်းလုံးညီညွတ်သည့် အင်အားဖြင့် မှန်ကန်သော ဦးတည်ချက်များ ချမှတ်ဆောင်ရွက်နိုင်ခဲ့သဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့်အတူ စီးပွားရေးအခြေခံကောင်းများကိုပါ တိုးတက်ရရှိရန် တည်ဆောက်နိုင်ခဲ့သည်။

နိုင်ငံတော်၏ စီးပွားရေးကဏ္ဍတွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်ယှဉ်တွဲလျက် စက်မှုဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ထွန်းလာစေရန် နိုင်ငံတော်ပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့ ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ကိုင်နိုင်စေရန် ပြည်နယ်နှင့်တိုင်းများတွင် စက်မှုဇုန်ကြီးများ တည်ထောင်လုပ်ကိုင်ခွင့် ပြုထားပြီးဖြစ်သည်။

စက်မှုကဏ္ဍတွင် ပုဂ္ဂလိကပါဝင်မှုများ တိုးတက်များပြားလာပြီး ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများပြားလာခြင်း၊ နိုင်ငံတော်ပိုင်းက စက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ခြင်းတို့ကြောင့် တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုတန်ဖိုး စုစုပေါင်းတွင် စက်မှုကဏ္ဍမှ ပါဝင်မှုသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်လာလျက်ရှိသည်။

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုတစ်ဝန်းလုံး အကြားအလပ်မရှိ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီမံကိန်းကြီးသုံးရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ အလုပ်သမားထုကြီး၏ အင်တိုက်အားတိုက် လက်တွဲပါဝင် ဆောင်ရွက်မှုကြောင့် အောင်မြင်မှုအသီးအပွင့်များကို တိုင်းရင်းသားပြည်သူများ ခံစားနေကြရပြီဖြစ်သည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ပဉ္စမအဆင့်သို့ ရောက်ရှိနေပြီဖြစ်သည်။ မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် အလုပ်သမားထုကြီးက ရရှိခဲ့သော အတွေ့အကြုံများနှင့် မျက်မှောက်ကာလအဖြစ်အပျက်များကို ပေါင်းစပ်၍ ပြည်သူများနှင့် စည်းလုံးညီညွတ်စွာ လက်တွဲကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

သို့ဖြစ်ပေရာ ဒီမိုကရေစီနိုင်ငံကြီး ဖြစ်ထွန်းရေးအတွက် အလုပ်သမားထုအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ၂၀၁၀ပြည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းသွားကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ဒေါင်းချောင်းသစ်ဆိပ်

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဌမြို့နယ် ဒေါင်းချောင်းသစ်ဆိပ်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တော)

ရန်ကုန် မေ ၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၅ရက်က ဌမြို့နယ် သံတွဲ သစ်ထုတ်ရေးဒေသ ဒေါင်းချောင်းသစ်ဆိပ်သို့ရောက်ရှိပြီး သစ်ဆိပ်တာဝန်ခံက ၂၀၀၈-၂၀၀၉ သစ်ထုတ်ရာသီအတွင်း သစ်ထုတ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ သစ်လုံးများထုတ်ယူရရှိမှုနှင့် သစ်ဆိပ်အတွင်း သစ်လုံးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ရခိုင်ပြည်နယ် သစ်ထုတ်ရေး ဒုတိယအထွေထွေမန်နေဂျာ ဦးတင်ချိန်နှင့် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဝင်းထွန်းတို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များကို မှာကြားကာ သစ်ဆိပ်အတွင်း ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ဌမြို့ သစ်တောဦးစီးဌာန ၂၀၀၅ခုနှစ် ပျိုးကတိုး စိုက်ခင်းဧက ၅၀သို့ ရောက်ရှိကြည့်ရှုစစ်ဆေးပြီး ဌမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရှင်းလင်းဆောင်၌ မြို့မိမြို့ဖများနှင့် တွေ့ဆုံသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ဌမြို့ ပြည်သူ့ဆေးရုံ၊ မြို့သစ်အခြေခံပညာမူလတန်းလွန်ကျောင်း၊ ရဟိုင်ကူးတို့ရွာ မူကြိုကျောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်နေမှု

ဝန်ကြီးသည် ဧပြီ ၂၆ရက်တွင် ဌမြို့နှင့် ကွမ်းလျားရှည်ကျေးရွာ ဆက်သွယ်ထားသော ကွမ်းလျားရှည်တံတား ဆောက်လုပ်ပြီးစီးမှု၊ ကျေးရွာချင်းဆက် မြေသားလမ်း ပြုပြင်တိုးချဲ့နေမှု၊ ညောင်ချောင်း အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုနှင့် ကင်းပုံရွာစာကြည့်တိုက် ဆောက်လုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် သံခဲချိုင်အခြေခံပညာမူလတန်းကျောင်း၊ ပိန္နဲကုန်းအခြေခံပညာမူလတန်းကျောင်း၊ ဆပ်သွားကျေးရွာစာကြည့်တိုက်၊ တိုင်ကျိုးတောင်ပိုင်းအခြေခံပညာမူလတန်းကျောင်း၊ တိုင်ကျိုးစာကြည့်တိုက်၊ ကြွေချိုင်ကျေးရွာ တံတား၊ ရတနာမြိုင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲတို့ကို ကြည့်ရှု စစ်ဆေးပြီး ကံ့ကော်တောင် အခြေခံပညာအလယ်တန်းကျောင်းခွဲ ပြုပြင်ရန်နှင့် ဘဝင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း ပြုပြင်ရန် စီစဉ်ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးသည် အောက်ကုလားပြင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း သံကူကွန်ကရစ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုနှင့် ကျိန္တလီ အခြေခံပညာအထက်တန်းကျောင်း အမိုးများ ပြုပြင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒိုက်ဦးမြို့ သက်တမ်းနှစ်၁၀၀ပြည့် ကျင်းပ

ရန်ကုန် မေ ၁

ဒိုက်ဦးမြို့ သက်တမ်းနှစ်၁၀၀ပြည့် အထိမ်းအမှတ်အဖြစ် ဒိုက်ဦးမြို့နယ်အသင်းမှ နှစ်ပတ်လည်အစည်းအဝေးနှင့် ထူးချွန်သူများအား ဂုဏ်ပြုပွဲကို ဧပြီ ၇ရက်က ဒိုက်ဦးမြို့ ကန်ဦးဓမ္မာရုံ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ ဒိုက်ဦးမြို့ ကန်ဦးအထက ရွှေရတုကျောင်းသားဟောင်းများ ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းနာယက ဦးဝင်းစိန်၊ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်မြင့်(ငြိမ်း)နှင့် ဒိုက်ဦးမြို့နယ် အသင်းသူအသင်းသားများ(ရန်ကုန်)တို့ တက်ရောက်ကြခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်၊ အင်္ဂုလိမာလသုတ်၊ ဇောဇ္ဈင်္ဂသုတ်၊ ပုဗ္ဗဏှသုတ်
၅:၁၅ MRTV-4 နံနက်ခင်းသတင်း
၆:၀၀ **ကောင်းခြင်းလေးပါး** တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဝိမလ)
၆:၅၀ ထုဆစ်သွန်းပြု အလိုတော်ပြည့်ဆင်းတု
၇:၀၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၂)
၇:၃၀ The Jetsons
၈:၀၀ MRTV-4 နံနက်ခင်းသတင်း
၈:၄၅ ဇေကမ္ဘာရဲ့စေတနာ
၉:၀၀ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့် ဦးစားပေး
၉:၂၅ အသွင်ပြောင်းစေမည့် Fiber Tech
၉:၃၅ မြေပြင်ရှုခင်းဖန်ဆင်းခြင်း(အပိုင်း-၁)
၁၀:၀၀ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာအရိုးနှင့် တွေ့ဆုံခြင်း)
၁၀:၂၅ အသက်ပေါင်းများစွာကယ်တင်ဖို့ လူတိုင်းပါဝင်ဆောင်ရွက်စို့ (ဒေါက်တာခင်မောင်လွင်)
၁၀:၅၀ ရင်ခုန်စွန့်စား အပန်းဖြေခြင်းများ
၁၁:၁၀ တေးဂီတအစီအစဉ်
၁၁:၃၀ သွားမယ် စားမယ် (AD Garden)
၁၂:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၁၂:၃၀ စားချင်စဖွယ်နည်းအသွယ်သွယ် (ဂေါ်ဖီထုပ်စိမ်းအစာသွတ်နှင့် ခရမ်းသီးပေါင်းပြုလုပ်နည်း)
၁:၀၀ ကောင်းခြင်းလေးပါးတရားတော် (ဆရာတော်ဓမ္မဒူတအရှင်ဝိမလ)
၂:၀၀ Fashion Music Festival (Jeans Fashion)
၂:၃၀ ဖူးမြော်ပူဇော်မြသလွန်စေတီတော်
၂:၄၀ Man and The Elephant (အပိုင်း-၁)
၃:၀၀ Funniest Animal
၃:၂၀ **သွားလမ်းသာလို့ လာလမ်းဖြောင့်ပါစေ** မိုးအောင်ရင်၊ မိုးယုစံ (ဒါရိုက်တာ-ထပ်ဆင့်အကယ်ဒမီ စင်ရော်မောင်မောင်)
၃:၅၀ လှပသစ်ဆန်း အလှပြင်ခန်း [ကိုထိုက် (Smile)]
၄:၂၀ ပခုက္ကူအညာမြေတစ်လွှား ဆန်ရေစပါးဖူလုံပြီ
၄:၄၀ တေးဂီတအစီအစဉ်
၄:၅၅ ခေတ်ပုံထဲမှအမှတ်တရများ(ပုလဲဝင်း)
၅:၂၅ နေခြည်မှာ ရွှေရည်လောင်း အင်္ဂတေရွာရဲ့ စာသင်ကျောင်း
၅:၃၅ MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာအရိုးနှင့် တွေ့ဆုံခြင်း)
၆:၀၀ MRTV-4 ညနေခင်းသတင်း
၆:၁၅ ဇေကမ္ဘာရဲ့စေတနာ
၆:၃၀ Fashion Music Festival (Jeans Fashion)
၇:၀၀ Science Tech Today မုန်တိုင်းများ (အပိုင်း-၂)
၇:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ဂေါ်ဖီထုပ်စိမ်းအစာသွတ်နှင့် ခရမ်းသီးပေါင်းပြုလုပ်နည်း)
၈:၀၀ MRTV-4 သတင်း
၈:၁၅ သီချင်းကောင်းကောင်း သီချင်းတောင်း
၈:၄၀ ခေတ်ပုံထဲမှအမှတ်တရများ(ပုလဲဝင်း)
၉:၀၅ သွားမယ် စားမယ် (AD Garden)
၉:၃၀ ရတနာသိုက်ရှာပုံတော် (အပိုင်း-၂၃)
၁၀:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁၁:၅၅ သင့်မိသားစု ကျန်းမာရေး ဂလိုဘယ်(လ်)ပဲဆီသန့်ဦးစားပေး
၁၂:၁၅ ရင်ခုန်စွန့်စားအပန်းဖြေခြင်းများ
၁၂:၄၀ ယွန်းဖြစ်တည်ရာ ကျောက္ကာရွာ
၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclay Premier League ပွဲစဉ်(၃၅) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၁၀	Middlesbrough-Man Utd	ESPN (Live)
၈:၂၅	Chelsea-Fulham	ESPN (Live)
	Portsmouth - Arsenal	Star Sports (Live)
၁၀:၃၀	Stoke City-West Ham	Star Sports (SDD)
၁၁:၀၀	Man City-Blackburn	ESPN (SDD)

မြဝတီရုပ်မြင်သံကြား

၂-၅-၂၀၀၉ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်သီချင်း
၁၁:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် **ဂြိုဟ်ကမ္ဘာမှ သတ္တဝါများ** (အပိုင်း-၂၀)
၁၂:၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **ကမ္ဘာ့ဦးဂီတ** ဒွေး၊ စိုးမြတ်သူဇာ
၁၃:၅၅ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မောင်နဲ့သာဆိုရင်** (အပိုင်း-၄၃)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၃၅ ၆။ အမျိုးသားရေးတေးကဗျာ
၅:၀၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၄၀ ၈။ ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ လျှပ်တစ်ပြက်
၆:၄၀ ၁၃။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြီးမြတ်သူတို့နှလုံးသား** (အပိုင်း-၄၅)
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ လူရွှင်တော်ရွှေဖလား
၁၉။ အင်္ဂလိပ်စာသုတ (English Usage)
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နတ်ဆေးရှင်နှင့် သိုင်းမောင်နံ** (အပိုင်း-၂)

2-5 (02).pmd 1 5/2/2009, 2:06 AM

● ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြ

ရေးဦးစွာ အတွင်းရေးမှူးက တိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ဒေသဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြပြီး တိုင်းဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လူမှုရေးအသင်းအဖွဲ့များအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးက အမှာစကား ပြောကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးနှင့်အဖွဲ့သည် တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် မကွေးတိုင်း စိုက်ပျိုးရေးကြီးကြပ်ရေး အဖွဲ့ဝင်များ၊ တိုင်းဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် တိုင်းစည်ပင်သာယာရေးနှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများအား တွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားကာ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဖြည့်ဆည်းပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တာဝန်ရှိသူများ လိုက်ပါ၍ တိုင်းမီးသတ်စခန်းရှိ မီးသတ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ ပူပြင်းရာသီ မီးငြိမ်းသတ်နိုင်ရေး ပြင်ဆင်မှုတို့ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် တောင်တွင်းကြီးမြို့နယ် သဖန်းကုန်းကျေးရွာ၌ ဒေသခံတောင်သူများ စိုက်ပျိုးထားသည့် နွေစပါးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးရာ တိုင်းမြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာက တိုင်း၏နွေစပါး စိုက်ပျိုးထားရှိမှုနှင့် ဆည်ရေရရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးသာအေးက လိုအပ်သည်များကို မှာကြား၍ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးသာအေးသည် နေပြည်တော်-တောင်တွင်းကြီးလမ်း ဝံအော်ကြီး သစ်တောစခန်း၌ တိုင်းသစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးက တိုင်းအတွင်း၌ သစ်တောများ စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီး သာအေးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သာအေးနှင့်အဖွဲ့သည် မကွေး-တောင်တွင်းကြီး-တောင်ညို-နေပြည်တော် မော်တော်ကားလမ်း ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကံထူးရှင်ရွေးချယ်

ရန်ကုန် မေ ၁

ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆု ဌာနခွဲ၏ (၂၄၄) ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

ကျပ်သိန်း(၁၀၀၀)ဆု

ဒ-၆၁၅၁၃၂

ကျပ်သိန်း(၅၀၀)ဆု

ဆ-၄၁၅၀၉၈

ကျပ်သိန်း(၃၀၀)ဆုများ

ထ-၉၆၇၁၉၈ ဂ-၆၅၄၇၄၄

ကျပ်သိန်း(၂၀၀)ဆုများ

န-၅၀၇၈၀၄ ည-၆၁၇၅၇၉

ကျပ်သိန်း(၁၀၀)(မင်္ဂလာစုံတွဲစနစ်)

ဆုမဲများ

ခ-၃၆၈၀၂၈	ဇ -၈၁၆၃၃၄
ခ-၉၅၇၂၉၂	ဇ -၂၄၃၂၅၁
င-၁၈၅၄၉၅	က -၁၆၄၅၁၇
စ-၂၈၀၀၅၁	င -၅၃၀၉၇၃
ဋ-၉၉၇၃၅၀	ឈ -၈၁၃၂၃၉
က-၇၂၈၆၇၇	ဃ -၉၄၈၄၆၀
ဏ-၇၃၁၂၆၁	

ထူးခြားသည့်နေ့အပူချိန်

၁-၅-၂၀၀၉

ကလေးဝ

၄၂ ဒီဂရီစင်တီဂရိတ်

မုံရွာ

၄၂ ဒီဂရီစင်တီဂရိတ်

မြင်းခြံ

၄၂ ဒီဂရီစင်တီဂရိတ်

ညောင်ဦး

၄၂ ဒီဂရီစင်တီဂရိတ်

မင်းဘူး

၄၂ ဒီဂရီစင်တီဂရိတ်

မှတ်သားဖွယ်ရာ မိုးရေချိန်

၁-၅-၂၀၀၉

ဟဲဟိုး

၀ ဒသမ ၃၅ လက်မ

ကျွန်းစိုက်ပျိုးခြင်း မှော်ဘီ၌ တာဝန်ပေးအပ်

ရန်ကုန် မေ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်၏ ၂၀၀၉ခုနှစ် မိုးရာသီတွင် တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရေးနှင့် ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၃၀ရက်က ကျင်းပရာ သစ်တောဦးစီးဌာန ရန်ကုန်မြောက်ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးဇော်စိုးတို့က တစ်အိမ်ထောင် ကျွန်းသုံးပင် စိုက်ပျိုးရခြင်းကို ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်လွှာများကို ရပ်ကွက်နှင့် ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်သည်။ **(အပေါ်ပုံ)**

စိုက်ပျိုးမည်

၂၀၀၉ခုနှစ် မိုးရာသီတွင် မှော်ဘီမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၄၃ အုပ်စုမှအိမ်ထောင်စု၁၄၃၁၇စုတွင် ကျွန်းပင် ၄၂၉၅၁ပင် စိုက်ပျိုးပြီး ရန်ကုန်မြောက်ပိုင်းခရိုင်အနေဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၂၁၀မှ အိမ်ထောင်စု ၁၁၀၁၇၄ စုတွင် ကျွန်းပင်ပေါင်း ၃၃၀၅၂၂ ပင်စိုက်ပျိုးမည် ဖြစ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

✱ ကျောဖုံးမှ

လိမ္မော်ခြံ

လားရှိုးမြို့မှ တန့်ယန်းမြို့သို့ တစ်ညအိပ်ခရီး သွားရောက်ပြီး အပြန်တွင် လားရှိုးမြို့နယ် နမ်ပေါင်မှ ကံလုံကျေးရွာ အနီးရှိ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော **'ဆွမ်ဟွမ်'** ပျားလိမ္မော်ခြံကို ဝင်ရောက်၍ လေ့လာခွင့်ရရှိခဲ့ပြီး လတ်ဆတ်ချိုမွေး၍ အရသာရှိလှသော ပျားလိမ္မော်သီးများကို စားသုံးခွင့်ရခဲ့သည်။ စေတနာကောင်းလှသော ခြံပိုင်ရှင် ဦးဂုံခေးနှင့်မိသားစုဝင်များက ပျားလိမ္မော်ပင်များအောက်မှာပင် ချက်ချင်းခူးဆွတ်၍ မြည်းစမ်းစေခဲ့ရာ စားခဲ့ဖူးသမျှ ပျားလိမ္မော်သီးများအနက် အကောင်းဆုံးအရသာဟု ပြောနိုင်သည်။ ပျားလိမ္မော်ဟု ခေါ်ထိုက်လှပါပေသည်။

ဦးဂုံခေး၏ ဆွမ်ဟွမ်ပျားလိမ္မော်ခြံသည် ဧက၆၀ကျယ်ဝန်းပြီး ဧက ၄၀ပေါ်တွင် ပျားလိမ္မော်ပင်များကို စိုက်ပျိုးထားကာ ကျန်ဧက ၂၀တွင် ပြောင်းစိုက်ပျိုးထားသည်။ ဧက ၄၀ပေါ်တွင် ပျားလိမ္မော်အပင်ပေါင်း ၆၄၀၀ကို စိုက်ပျိုးထားခြင်းဖြစ်ရာ သက်တမ်း လေးနှစ်အကြာတွင် အသီးများ လှိုင်လှိုင်ပေါ်၍ ပြည်တွင်း၌ ဈေးကွက် ရရှိထားပြီဖြစ်သည်။

ခြံပိုင်ရှင် ဦးဂုံခေးက ပျားလိမ္မော်ပင်များ စိုက်ပျိုးဖြစ်ခဲ့ပုံနှင့် စပ်လျဉ်း၍ "မိုင်းဆတ်ဘက်မှာရှိတဲ့ ပျားလိမ္မော်ခြံတွေကို သွားရောက် လေ့လာကြည့်ပြီး ဒီမှာလဲ စိုက်ရင်ဖြစ်နိုင်မယ်ထင်လို့ စတင်စိုက်ပျိုးခဲ့တာပါ။ ရှမ်းပြည်နယ် (မြောက်ပိုင်း)မှာကတော့ ဒီခြံက ပထမဆုံး အောင်မြင်ဖြစ်ထွန်းတဲ့ ခြံပါပဲ။ ၂၀၀၃ခုနှစ် ဩဂုတ် ၁၂ရက်မှာ အပင်ပေါင်း ၆၄၀၀ကို စတင် စိုက်ပျိုးခဲ့တာပါ။ စစိုက်ခါစမှာ နွားချေး၊ မြေဩဇာကို ထည့်ပါတယ်။ နောက်ပိုင်းမှာတော့ ကိုရီးယားက ထုတ်တဲ့ ဓာတ်မြေဩဇာကို သုံးပါတယ်။ ဓာတ်မြေဩဇာ တစ်အိတ်ကို ကျပ်၄၂၀၀၀ ပေးရပါတယ်"ဟု ပြောကြားသည်။

ခြံအမည်ကို ဆွမ်ဟွမ်(Sonhon)ဟု ပေးထားခြင်းမှာ မွှေးရနံ့ရှိသောခြံ (ခြံမွှေး) ဟု အဓိပ္ပာယ်ရကြောင်း သိရသည်။ ပျားလိမ္မော် အပင်များသည် အပင်သက်တမ်း သုံးနှစ်အရွယ်တွင် အသီးစသီးပြီး စသီးသည့်အချိန်တွင် အသီးများကို ခြွေပစ်ရသည်။

လုပ်အားခ

အပွင့်စပွင့်သည့်အချိန်တွင် ဆေးဖျန်းစရာမလိုဘဲ ရေလောင်းပေးရန်သာ လိုသည်။ ဆွမ်ဟွမ် ပျားလိမ္မော်ခြံတွင် ချောင်းကိုပိတ်ပြီး ရရှိသောရေကို စက်ဖြင့်တင်၍ ပိုက်လိုင်းသွယ်ကာ အပင်တစ်ပင်ချင်းစီကို ရေလောင်းသည့် စနစ်ပြုလုပ်ထားရာ လုပ်အားခ သက်သာစေသည်။ ပျားလိမ္မော်သီးခူးရန် အလုပ်သမား ၁၆ဦး ထားရှိပြီး နေ့စဉ် ခူးဆွတ်လျက်ရှိသည်။

ဦးဂုံခေးက "အရင်က နွားမွေးခဲ့ပါတယ်။ အခုပျားလိမ္မော်ခြံ အောင်မြင်ဖြစ်ထွန်းလာတော့ တခြားလုပ်ငန်းထက်စာရင်တော့ အကျိုးစီးပွား ဖြစ်ပါတယ်။ ဒီလိုအနေအထားမျိုး ရောက်လာဖို့ သိန်း ၁၆၀၀ လောက် ရင်းနှီးမြှုပ်နှံခဲ့ရပါတယ်။ မန္တလေးနဲ့ ရန်ကုန်ကပွဲရုံတွေကို ပုံမှန်တင်ပို့ပြီး ဈေးကွက်မှာ အရသာကောင်းတယ်လို့ နာမည်ရပါတယ်"ဟု ပြောကြားသည်။

ရေရှည်အကျိုးဖြစ်ထွန်း

ပျားလိမ္မော်ပျိုးပင်ပေါက် တစ်ပင်လျှင် ကျပ် ၂၀၀၀ ပေးဝယ်ရပြီး ဆွမ်ဟွမ် ပျားလိမ္မော်ခြံမှအပင်များသည် ထိုင်းနိုင်ငံမှ မှာယူစိုက်ပျိုးထားခြင်း ဖြစ်သည်။ တစ်နှစ်လျှင် ရှစ်လခန့် အသီးခူးဆွတ်နိုင်ပြီး အနှစ် ၂၀ခန့် ခူးဆွတ်နိုင်မည်ဖြစ်ရာ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းမည့် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။

အသီးအလုံးရေ

ဆွမ်ဟွမ်ပျားလိမ္မော်ခြံမှ အပင်များသည် တစ်ပင်လျှင်အသီးအလုံးရေ ၅၀၀ နှင့်၆၀၀ကြားသီးကြောင်း၊သက်တမ်းသုံးနှစ်ကြာလျှင် တစ်ပင်လျှင် အသီးအလုံးရေ ၁၀၀၀ အထက်တွင် သီးလာမည် ဖြစ်ကြောင်း၊ ဈေးကွက်၏ မှာယူမှုအပေါ် မူတည်၍ အသီးခူးဆွတ်ရကြောင်း၊ တစ်နေ့လျှင် ပိဿာ ၅၀၀ မှ ၆၀၀ကြား ခူးဆွတ်လျက် ရှိကြောင်း၊ တစ်ပိဿာလျှင် ၁၅လုံး ပါဝင်ပြီး ဒေသ၏ ပျမ်းမျှပေါက်ဈေးမှာ တစ်လုံးလျှင် ကျပ် ၁၀၀ဖြစ်ကြောင်း၊ ဆွမ်ဟွမ်ပျားလိမ္မော်ခြံမှ ထွက်ရှိသော အသီးများသည် အလုံးကြီးပြီး အရသာကောင်းမွန်၍ ဈေးကောင်း ရရှိကြောင်း၊ တရုတ်ပြည် ဈေးကွက်ကိုပါ ထိုးဖောက်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း ဦးဂုံခေး၏ ပြောပြချက်များကို ပျားလိမ္မော်စားသုံးရင်း မှတ်သားခဲ့ရပါသည်။

ဆွမ်ဟွမ်ပျားလိမ္မော်ခြံမှ ထွက်ရှိသော လတ်ဆတ်ချိုမွေး အရသာကောင်းမွန်သည့် ပျားလိမ္မော်သီးများ ခြံရှေ့၌ ခင်းကျင်းရောင်းချလျက်ရှိသည်ကို ဤသို့ တွေ့ခဲ့ရသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း)သို့ တစ်ခါတစ်ခေါက် ရောက်ဖြစ်ခဲ့ပါလျှင် လားရှိုးမြို့နယ် နမ်ပေါင်မှ ကံလုံကျေးရွာ အနီးရှိ ဆွမ်ဟွမ်ပျားလိမ္မော်ခြံသို့ အရောက်သွားကာ အရသာကောင်းမွန်သည့် ပျားလိမ္မော်သီးများကို မြည်းစမ်းကြည့်သင့်လှပါကြောင်း သတင်းစကား ပါးလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

ဆွမ်ဟွမ် ပျားလိမ္မော်ခြံအတွင်းမှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်ပင်များမှာ ဤသို့ တစ်မျှော်တစ်ခေါ် ....။ (သတင်းစဉ်)

ဝက်တုပ်ကွေးရောဂါဖြစ်ပွားနေသည့် မက္ကဆီကိုနိုင်ငံအား ငွေနှင့် ပစ္စည်းများ တရုတ်ကူညီမည်

ပေကျင်း မေ ၁

တရုတ်နိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့က မက္ကဆီကိုနိုင်ငံသို့ အမေရိကန်ဒေါ်လာ ငါးသန်းတန်ဖိုးရှိ အကူအညီကို ပေးအပ်မည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

ဝက်တုပ်ကွေးရောဂါဖြစ်ပွား

ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် မက္ကဆီကိုနိုင်ငံကို ကူညီထောက်ပံ့ရေးအစီအစဉ်အဖြစ် ငွေသားဒေါ်လာတစ်သန်းနှင့် ဒေါ်လာ လေးသန်းတန်ဖိုးရှိသော ပစ္စည်းအကူအညီများပေးမည်ဟု ဖော်ပြပါဝန်ကြီးဌာနက ပြောကြားသည်။

မက္ကဆီကိုတွင် ယင်းရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူဦးရေသည် ၁၆၈ အထိ ရှိသွားပြီဖြစ်ကြောင်း မက္ကဆီကိုကျန်းမာရေး ဌာနက ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။ အမ်အင်န်အေ၊ဆင်ဟွာ

ပြင်သစ်၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားသူ ၂၀ ရှိ

ပါရီ မေ ၁

ပြင်သစ်နိုင်ငံမှ လူ ၂၀ သည် ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားသည်ဟု သံသယရှိနေသဖြင့် စစ်ဆေးမှုပြုလုပ်နေကြောင်း ပြင်သစ် ကျန်းမာရေး အာဏာပိုင်များက ဧပြီ ၂၈ ရက်တွင် ပြောကြားသည်။

စစ်ဆေးမှုများပြုလုပ်

ဧပြီ ၂၅ ရက်နောက်ပိုင်း မက္ကဆီကိုနိုင်ငံမှ ပြန်လာသည့် ပြင်သစ်နိုင်ငံသား ၁၀၇ ဦးတွင် ဝက်တုပ်ကွေးကူးစက်ခံရသည့် လက္ခဏာများတွေ့ရှိနေရပြီး ပထမဆုံးအကြိမ် ဆေးစစ်မှုများ ပြုလုပ်ခဲ့ပြီးနောက် လူ ၃၀ သည် ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားဖွယ်ရှိသည်ဟု ပြင်သစ်ပြည်သူ့ကျန်းမာရေး စောင့်ကြည့်လေ့လာရေးဌာန အကြီးအကဲဖြစ်သူ ဖရန့်ကွိုက်ဇီဟာက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၁၀ ဦးအား ထပ်မံဆေးစစ်မှု ပြုလုပ်နေသဖြင့် ဝက်တုပ်ကွေးရှိသည်ဟု တရားဝင်ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။ အခြားလူ ၂၀ သည် ဆေးစစ်မှုများ ဆက်လက်ပြုလုပ်နေသည်။ ယင်းရောဂါကူးစက်ခံရသည်ဟု သံသယရှိသူများအား သီးခြားခွဲခြားထားသည်။ မက္ကဆီကိုမှ ပြန်လာသူများအနေဖြင့် ယင်းရောဂါ ဖြစ်ပွားမှုရှိမရှိ စစ်ဆေးခံရမည်ဟု ကျန်းမာရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကမ္ဘာ့လှည့်ခရီးသည်များ လာရောက်လည်ပတ်လေ့ရှိသည့် တရုတ်နိုင်ငံ ကျန်စုပြည်နယ် ဆူကျိုးမြစ်အတွင်း၌ အပျော်စီးသင်္ဘောများကို အလုပ်သမားနေ့အကြိုအဖြစ် ရောင်စုံပန်းအလှများ ဆင်မြန်းထားသည်ကို ဧပြီ ၃၀ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်နစ္စတန်၌ အကြမ်းဖက်မှုနှိမ်နင်းရေး ဩစတြေးလျတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမည်

ဝါရှင်တန် မေ ၁

အကြမ်းဖက်မှုနှိမ်နင်းရေးနှင့် လုံခြုံရေးကာကွယ်စောင့်ရှောက်မှုအတွက် အာဖဂန်နစ္စတန်သို့ ဩစတြေးလျတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရန် ဆုံးဖြတ်ချက်ကို အိမ်ဖြူတော်၌ ဧပြီ ၂၉ ရက်တွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ကြိုဆိုလိုက်ကြောင်း ပြောကြားသည်။

သမ္မတအိုဘားမားက ဧပြီ ၂၈ ရက်တွင် ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရဒ်အား ဖိတ်ခေါ်ကာ အာဖဂန်၌တပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားရေးနှင့် ၎င်းနိုင်ငံ၏ ဖွံ့ဖြိုးရေးအတွက် ငွေကြေးဆိုင်ရာတို့ကို တာဝန်ယူထောက်ပံ့မှုအပေါ် ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထပ်မံပေါ်ပေါက်

အာဖဂန်နစ္စတန်သို့လက်ရှိဩစတြေးလျ တပ်ဖွဲ့ဝင် ၄၅၀ မှ တပ်ဖွဲ့ဝင် ၁၅၅၀အထိ တိုးမြှင့်ကာ တပ်ဖြန့်ချထားမည်ဖြစ်ပြီး တစ်ချိန်ကဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုများကဲ့သို့ ထပ်မံပေါ်ပေါက်လာမည့်အရေးကို ၎င်းနိုင်ငံအနေဖြင့် လုံးဝခွင့်ပြုမည်မဟုတ်ကြောင်း ကီဗင်ရဒ်ကသတင်းထောက်များအား ပြောကြားသည်။

ပြင်းပြင်းထန်ထန်နှိမ်နင်း

ယခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ အယ်လ်ခိုင်ဒါအဖွဲ့နှင့်တာလီဘန် စစ်သွေးကြွများအား ပြင်းပြင်းထန်ထန် နှိမ်နင်းမည်ဖြစ်သည်။

အာဖဂန်၌ အမေရိကန်တပ်ဖွဲ့ဝင် ၆၀၀၀၀ခန့်ရှိရာမှ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီ၊ စပိန်၊ တူရကီနှင့် ပိုလန်နိုင်ငံတို့မှ တပ်ဖွဲ့ဝင်များထပ်မံစေလွှတ်မည်ဖြစ်သည်။

(အင်တာနက်)

အန္တရာယ်ရှိသည့် လေထုညစ်ညမ်းမှုအတွင်း အမေရိကန်ပြည်သူ ၁၈၆ သန်း နေထိုင်ကြရဟုဆို

ဝါရှင်တန် မေ ၁

အမေရိကန်ပြည်ထောင်စု၌နေထိုင်သူ ၁၀ ဦးလျှင် ခြောက်ဦး သို့တည်းမဟုတ် အမေရိကန်ပြည်သူ ၁၈၆သန်းတို့သည် အန္တရာယ်ရှိသည့် လေထုညစ်ညမ်းမှု အခြေအနေအတွင်း နေထိုင်ကြရကြောင်း အမေရိကန် အဆုတ်ရောဂါအသင်းက ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။ အမေရိကန် မြို့ကြီးများမှ လေထုသည် လွန်ခဲ့သည့်နှစ်အတွင်း ပိုမိုညစ်ညမ်းလာခဲ့သည်ဟု ယင်းအသင်း၏ နှစ်ပတ်လည် အစီရင်ခံစာတွင် ဖော်ပြထားသည်။

တွေ့ဆုံမေးမြန်း

၁၉၇၀ ပြည့်နှစ်က သန့်စင်သည့်လေ အက်ဥပဒေကို ပြဋ္ဌာန်းပေးခဲ့သည့်နောက် နှစ်၄၀ နီးပါး ကြာမြင့်သည့်ကာလအတွင်း ၁၀ဦးလျှင် ခြောက်ဦးသည် ယခုတိုင်ညစ်ညမ်းသည့် လေထုအတွင်း နေထိုင်နေရပြီး အဆိုပါဒေသများ၏လေသည် ရှူရှိုက်ရာတွင် ကျန်းမာရေးဖြင့် ညီညွတ်မှုမရှိဟု ၎င်းအသင်းမှ ပေါလ်ဘီလင်းစ်က တယ်လီဖုန်းဖြင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

မြူခိုးအများဆုံးရှိ

လော့စ်အိန်ဂျလိစ်မြို့၏လေထုတွင် အိုဇုန်းဓာတ်နှင့် မီးခိုးမြူအများဆုံး ပါဝင်လျက်ရှိရာ လွန်ခဲ့သည့် ၁၀ နှစ်အတွင်း ယင်းစံချိန်အတိုင်းရှိနေခြင်း ဖြစ်သည်။ ဘာကာစဖီး၊ ကယ်လီဖိုးနီးယား၊ ပစ်စဘတ်နှင့် ပင်ဆယ်ဗေးနီးယားတို့သည် လေထုအတွင်း မြူခိုးအများဆုံး ပါဝင်နေကြသည့် ဒေသများဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဗုံးပေါက်ကွဲ

ပါကစ္စတန်နိုင်ငံ ကရာချိမြို့၌ ဗုံးဖောက်ခွဲတိုက်ခိုက်မှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ၃၀ရက်က တွေ့ရစဉ်။(ယင်းတိုက်ခိုက်မှုကြောင့် ၂၃ ဦး သေဆုံးပြီး၂၂ဦး ဒဏ်ရာရရှိခဲ့သည်။) **(အင်တာနက်ဓာတ်ပုံ)**

စပိန်နိုင်ငံ ဆီဗီးလ်မြို့၌ နွားရိုင်းသတ်ပွဲ ကျင်းပနေသည်ကို ဧပြီ၂၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘုရှ်အစိုးရလက်ထက် ပြုပေးခဲ့သည့် ရေနှစ်စစ်ဆေးမှု ညှဉ်းပန်းနှိပ်စက်မှုသာဖြစ်သည်ဟု ဘားရက်အိုဘားမား ပြောကြား

ဝါရှင်တန် မေ ၁

မသင်္ကာသည့် အကြမ်းဖက်သမားများအား စစ်ဆေးမေးမြန်းရာတွင် အသုံးပြုသည့် ရေနှစ်စစ်ဆေးမေးမြန်းသည့် နည်းလမ်းသည် ညှဉ်းပန်းနှိပ်စက်မှုသာဖြစ်ကြောင်း၊ ဘုရှ်အစိုးရ၏ အကြမ်းဖက်သမားဟု သင်္ကာမကင်းဖြစ်သူများအား စစ်ဆေးရန် အသုံးပြုသည့် ယင်းနည်းလမ်းကို အဆုံးသတ်ရန် မိမိဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားသည်။

ရေနှစ်စစ်ဆေးသည့် နည်းလမ်းသည် အမေရိကန်၏ စံနမူနာများကို ချိုးဖောက်ခြင်းဖြစ်ပြီး မသင်္ကာသည့် ရန်သူ့ထံမှ သတင်းအလွယ်တကူရရှိရန် ပြုလုပ်နိုင်သည့်တိုင် သင့်တော်မှုမရှိသောလုပ်ရပ်ဖြစ်ကြောင်း၊ ယင်းနည်းလမ်းသည် ညှဉ်းပန်းနှိပ်စက်မှုသာ ဖြစ်သည်ဟု ယုံကြည်ကြောင်း အိုဘားမားက ပြောကြားသည်။

ထပ်လောင်းပြောကြား

ယင်းသို့ စစ်ဆေးမေးမြန်းမှုကြောင့် ယုံကြည်စိတ်ချမှုမရှိနိုင်သည့် သတင်းသာရရှိနိုင်သည်ဟု ကျွမ်းကျင်သူများက ပြောကြားသည်။ အကြောင်းမှာ စစ်ဆေးခံရသူအနေဖြင့် ၎င်းအား ညှဉ်းပန်းနှိပ်စက်မှု ရပ်ဆိုင်းရန်အတွက်သာ ပြောကြားမည်ဖြစ်ကြောင်းကျွမ်းကျင်သူများက ထပ်လောင်းပြောကြားသည်။ အဆိုပါနည်းလမ်း အသုံးပြုရသည့်နည်းမှာ ထောက်လှမ်းရေးသတင်းကို အခြားနည်းလမ်းများအသုံးပြု၍ စစ်ဆေးမေးမြန်းခြင်းဖြင့်လည်း ရနိုင်ကြောင်း အိုဘားမားက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

တရုတ်အရှေ့မြောက်ပိုင်း၌ တောမီးလောင်

ဟာဘင် မေ ၁

တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဟေလုံကျန်ပြည်နယ်၌ ဧပြီ ၃၀ ရက် မွန်းလွဲပိုင်းက တောမီးလောင်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး သစ်တောဧရိယာစတုရန်းကီလိုမီတာ ၆၀၀ ခန့် ပျက်စီးပြုန်းတီးခဲ့ရကြောင်း မီးသတ်ဌာနချုပ်၏ သတင်းပေးချက်အရ ပြည်နယ်အာဏာပိုင်အဖွဲ့က ပြောကြားသည်။

ငြိမ်းသတ်ခဲ့

အဆိုပါ တောမီးကို သစ်တောဝန်ထမ်း ၁၂၀၀ ကျော်နှင့် မီးသတ်ကျွမ်းကျင်သူများက ရဟတ်ယာဉ်ငါးစင်းဖြင့် ငြိမ်းသတ်ခဲ့ရကြောင်း ထပ်လောင်းပြောကြားသည်။ **(အင်တာနက်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲတွင် ကျေးဇူးတင်စကား ပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးခြင်းအထိမ်းအမှတ်အဖြစ် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မေ ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၉)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီးခြင်း အထိမ်းအမှတ်အဖြစ် ဧပြီ၃၀ရက် ညဂုနာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး ခန်းမဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ၂၀၀၈ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ဒုတိယဆုရ ရန်ကုန်တိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

တက်ရောက်

ဂုဏ်ပြုညစာစားပွဲသို့ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ငြေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် ဗဟိုကောင်စီဝင်များ၊ ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တွဲဖက်အတွင်းရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ကျေးဇူးတင်စကားပြောကြားသည်။

ဂုဏ်ပြုလက်ဆောင်ပေး

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်ထံ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ပြည်နယ်နှင့်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က တင်သွင်းသည့် သုတေသနစာတမ်းများကို သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဖတ်ရှုသုံးသပ်ဆွေးနွေးပေးခဲ့သော ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်သည်။

ဆုများချီးမြှင့်

ယင်းနောက် ၂၀၀၈ခုနှစ်အတွက် လှုပ်ရှားမှု ထူးချွန်ဆုရရှိကြသော တိုင်းများအား ဆုများချီးမြှင့်ရာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က ပထမဆုရ မန္တလေးတိုင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းနှင့် တတိယဆုရ ဧရာဝတီတိုင်း၊ အထူးဆုများ ရရှိကြသော တနင်္သာရီတိုင်းနှင့် ပဲခူးတိုင်း(အရှေ့ပိုင်း)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၀၈ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆုရရှိကြသော ပြည်နယ်များအား ဆုများချီးမြှင့်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်စောနှင်းက ပထမဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ဒုတိယဆုရ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် တတိယဆုရ ကချင်ပြည်နယ်၊ အထူးဆုများရရှိကြသည့် ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့အား ဆုများကို ချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေး ဂုဏ်ပြုဆုရ ရခိုင်ပြည်နယ်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း(အနောက်ပိုင်း)နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့အား ဆုများကို ချီးမြှင့်သည်။

ဆက်လက်၍ အကောင်းဆုံး စာတမ်းဆု ရရှိကြသည့် ပြည်နယ်နှင့် တိုင်းများအား ဆုများချီးမြှင့်ရာ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည် အလယ်ပိုင်း) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးက ပထမဆုရ ရန်ကုန်တိုင်း၊ ဒုတိယဆုရ မကွေးတိုင်း၊ တတိယဆုရ မွန်ပြည်နယ်၊ အထူးဆုများ ရရှိကြသော ပဲခူးတိုင်း (အရှေ့ပိုင်း)နှင့် ဧရာဝတီတိုင်းတို့အား ဆုများကို ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟို

ဂုဏ်ပြုဆု

ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါ်အေးအေးက ဂုဏ်ပြုဆုရ ပြည်နယ်နှင့် တိုင်းများဖြစ်ကြသည့် ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ အလုပ်အမှုဆောင် ဒေါ်ထွေးထွေးညွန့်က ဂုဏ်ပြုညစာစားပွဲ၌ ဧည့်ခံဖျော်ဖြေတင်ဆက်ကြသည့် မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် အနုပညာရှင်များအား ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်ပြီး ဧည့်သည်တော်များအား ညစာဖြင့် တည်ခင်းဧည့်ခံသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စောနှင်း ၂၀၀၈ခုနှစ်အတွက် လှုပ်ရှားမှုထူးချွန်ဆု ပထမဆုရ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂-၅-၂၀၀၉ရက် (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ ကဗျာပန်းဥယျာဉ်
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ အကပြိုင်ပွဲ
၈:၂၀ ၇။ စစ်တောင်းတံတား (မှပွလင်)
၈:၃၀ ၈။ International News
၈:၄၅ ၉။ တေးဂီတအစီအစဉ်
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ ချစ်စရာ့အရွယ် ကစားကြမယ်
၁၁:၄၅ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂:၄၀ ၅။ Yan Can Cook
၁၃:၀၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **အားကိုးချစ်သူ ကျေးတော်သူ** (အပိုင်း-၄၁)
၁၄:၀၀ ၇။ ဆန်းကြယ်ထူးခြား ပြိုင်ပွဲများ Telematch
၁၄:၄၅ ၈။ International News
၁၅:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၄:၂၀ ၃။ **ဆီးချို သွေးချို ကာကွယ်ပါ** ထွန်းထွန်းဝင်း၊ မိုးဒီ၊ဖြိုးငွေစိုး၊ မျိုးစန္ဒီကျော်၊ ကောင်းခန့်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)
၄:၄၅ ၄။ တေးဂီတအစီအစဉ်
၅:၀၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅:၁၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅ ၇။ ဂီတသံစဉ် အလှဆင်
၅:၃၀ ၈။ စိတ်ကြွရူးသွပ်ဆေးအန္တရာယ်
၅:၄၅ ၉။ မြန်မာ့ခလေ့ ရိုးရာလက်ဝှေ့
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ အလှရှာမယ် လှကမ္ဘာဝယ်
၆:၅၀ ၁၃။ ပဋ္ဌလက်ကျောင်းတော်
၇:၁၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့သက်ထား**(အပိုင်း-၉)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ ကာတွန်းအစီအစဉ် **ဒိုင်နိုဆောမိသားစု စွန့်စားခန်း** (အပိုင်း-၃)
၁၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကျေးဇူးတင်ပါတယ်** (အပိုင်း-၆)
၂၀။ အစီအစဉ်ပြီး၏။

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ မြန်မာနိုင်ငံသို့ ကူးစက်မှု မရှိရေး ကျန်းမာရေးဝန်ကြီးဌာနက ဧပြီ ၂၅ရက်မှစတင်၍ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza) သည် ဧပြီ ၁၇ရက်မှစတင်၍ ဖြစ်ပွားခဲ့ရာ ယနေ့အထိ သေဆုံးသူ ၁၆၀ ရှိခဲ့ကြောင်းနှင့် မက္ကဆီကိုနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၁၆နိုင်ငံ၌ ရောဂါကူးစက်မှုရှိခဲ့ကြောင်း သိရှိရသည်။

ကြိုတင်ကာကွယ်

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဧပြီ၂၅ရက်မှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ယခုဖြစ်ပွားလျက်ရှိသော Swine Influenza A (H1N1) ရောဂါ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်မလာစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဆေးကုသမှုလုပ်ငန်းဆိုင်ရာ ပြင်ဆင်ထားရှိခြင်း၊ ဆေးရုံများတွင်လိုအပ်သော ဆေးနှင့်ဆေးပစ္စည်း၊ ဓာတ်ခွဲစမ်းသပ်နိုင်ရန် ပစ္စည်းများဖြန့်ဖြူးထားရှိခြင်း၊ လူနာသီးသန့်ဆောင်များ အသင့်အနေအထား ပြင်ဆင်ထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

အသိပညာပေး

ပြည်သူလူထုအား ယခုဖြစ်ပွားလျက်ရှိသော ဝက်တုပ်ကွေးရောဂါဖြစ်ပွားမှု အခြေအနေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာများမှတစ်ဆင့် ကြိုတင်ကာကွယ်နှိမ်နင်းရေး၊ ကျန်းမာရေးအသိပညာပေးခြင်း၊ အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ဧပြီ ၂၉ရက်မှစတင်၍ အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းနှင့် နယ်စပ်ဒေသ ဝင်ပေါက်/ထွက်ပေါက်များ၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

လုံးဝမရှိ

မြန်မာနိုင်ငံ၌ ယနေ့အထိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ (Swine Influenza) ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ကူးစက်မှုမရှိစေရန် အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)၌ ဝင်ရောက်လာသောခရီးသည်များအား ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစစ်ဆေး

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ ကမ္ဘာ့လူတုပ်ကွေးရောဂါဖြစ်နိုင်သဖြင့် မြန်မာနိုင်ငံသို့ ကူးစက်မှုမရှိစေရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက လိုအပ်သော ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဝင်ရောက်လာသော ခရီးသည်များအား ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတွင် မွေးမြူထားသော ဝက်များသို့ ဝက်တုပ်ကွေးရောဂါ ကူးစက်မှုမရှိစေရေး မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်နေ

နေ့စဉ်ထုတ် သတင်းစာများနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ တိရစ္ဆာန်ကျန်းမာရေး အချိန်နှင့် တစ်ပြေးညီ အသိပညာပေးလျက်ရှိ

နေပြည်တော် မေ ၁

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါကြောင့် ဧပြီ ၁၇ ရက်မှ ယနေ့အထိ နိုင်ငံပေါင်း ၁၆ နိုင်ငံတွင် ရောဂါကူးစက်ခံရပြီး သေဆုံးသူ ၁၆၀ ရှိခဲ့ကြောင်း သိရှိရသည်။

ကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေး

လက်ရှိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါဖြစ်ပွားရာဒေသများတွင်ရှိသောဝက်များ၌ ယင်းတုပ်ကွေးဗိုင်းရပ်စ် **H1N1** ရောဂါကူးစက်ဖြစ်ပွားမှု မတွေ့ရှိရသေးကြောင်း ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် **OIE** သတင်းထုတ်ပြန်ချက်အရ သိရသည်။

လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါမှ မြန်မာနိုင်ငံတွင် မွေးမြူထားရှိသောဝက်များသို့ ကူးစက်မှုမရှိစေရေးအတွက် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအနေဖြင့် လိုအပ်သောကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကြိုတင်သတိပေးနှိုးဆော်

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် မက္ကဆီကိုနိုင်ငံ၌ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေး သတင်းရရှိသည်နှင့် တစ်ပြိုင်တည်း ပြည်နယ်၊ တိုင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် အဆင့်ဆင့်သို့ ကြိုတင်သတိပေးနှိုးဆော်ခြင်း၊ ဝက်မွေးမြူရေးခြံများသို့ တိရစ္ဆာန်ကျန်းမာရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ရောဂါစူးစမ်းရှာဖွေထောက်လှမ်းခြင်း၊ ဇီဝလုံခြုံမှုမြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်

နေ့စဉ်ထုတ် သတင်းစာများနှင့် ရေဒီယို၊ ရုပ်မြင်သံကြားတို့မှ ပြည်သူလူထုသို့ တိရစ္ဆာန်ကျန်းမာရေး အသိပညာပေးခြင်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်၊ တိုင်းများတွင် ပြည်ပနှင့် နယ်စပ်ဝင်ပေါက်များမှ တင်သွင်းခဲ့သော ဝက်နှင့် ဝက်ထွက်ပစ္စည်းများ စားသုံးမှု အန္တရာယ်ကင်းရှင်းစေရေး ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သတင်းထုတ်ပြန်

မြန်မာနိုင်ငံတွင် ယနေ့အထိ လူတွင်ဖြစ်ပွားသော ဝက်တုပ်ကွေးရောဂါ **SWINE FLU** သည် မွေးမြူရေးဝက်များသို့ ကူးစက်ဖြစ်ပွားမှု လုံးဝမရှိသေးကြောင်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ကမ္ဘာ့လူတုပ်ကွေး ကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ခရီးသည်များ ဝင်ရောက်သောနေရာ၌ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန် စမ်းသပ်စစ်ဆေးစက်ဖြင့် ကျန်းမာရေးစစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ကမ္ဘာ့လူတုပ်ကွေးရောဂါကာကွယ်တားဆီးရေးလုပ်ငန်းဆောင်ရွက်

ရန်ကုန် မေ ၁

ကမ္ဘာ့လူတုပ်ကွေးကပ်ရောဂါအတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်၊ ဆရာဝန်ကြီးဒေါက်တာဝင်းမြင့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာဒုတိယဝန်ကြီးသည် လေဆိပ်အတွင်း ခရီးသည်များ ဝင်ရောက်သောနေရာ၌ အနီအောက်ရောင်ခြည်သုံး ကိုယ်အပူချိန်စမ်းသပ် စစ်ဆေးစက် (Infrared Fever Screening System)ဖြင့်ကျန်းမာရေး စစ်ဆေးမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုကြည့်ရှုပြီး လိုအပ်ပါက Quarantine Office ၌ အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်နှင့် အခန်းတွင်း လိုအပ်သော ကျန်းမာရေးပစ္စည်းများ ဖြည့်တင်းထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းအတွင်း ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ဆရာဝန်ကြီး ဒေါက်တာဝင်းမြင့် ဦးဆောင်သောအဖွဲ့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌လည်းကောင်း၊ ရန်ကုန်တိုင်း ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွှန့်စိန်က တစ်နိုင်ငံလုံး ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကိုလည်းကောင်း လုပ်ငန်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ဝက်တုပ်ကွေးရောဂါ SWINE FLU သတိပေးနှိုးဆော်ချက်

၁။ **လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါ။** ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ(Swine Flu)သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ **ဝက်၌ တွေ့ရှိရသော ဝက်တုပ်ကွေးရောဂါသတ္တကန်လက္ခဏာများ။** ဝက်၌ တုပ်ကွေးရောဂါဖြစ်ပွားပါက ရုတ်တရက် ဖျားနာခြင်း၊ ငေးမှိုင်ခြင်း၊ ချောင်းဆိုးခြင်း၊ နှာရည်၊ မျက်ရည်ကျခြင်း၊ နှာချေခြင်း၊ အသက်ရှုကျပ်ခြင်း၊ မျက်လုံးနီခြင်း၊ ရောင်ခြင်း၊ အစာမစားခြင်း စသည့် တုပ်ကွေးလက္ခဏာများ တွေ့ရှိရကြောင်း၊ ရာသီဥတုအပြောင်းအလဲကြောင့်ဖြစ်တတ်သော အအေးမိခြင်းနှင့် အခြား ဝက်ဖျားနာရောဂါများတွင်လည်း ဤရောဂါလက္ခဏာ တွေ့ရှိရကြောင်း။

၃။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး လိုက်နာဆောင်ရွက်ရန်အချက်များ–**

(က) ဝက်များ၌ ဖျားနာရောဂါလက္ခဏာများတွေ့ရှိပါက လူများနှင့် နီးစပ်မှုမရှိစေဘဲ သီးခြားထားရှိရန်နှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ သတင်းပို့ရန်။

(ခ) စီးပွားဖြစ် ဝက်ကောင်ရေများများ မွေးမြူသည့်လုပ်ငန်းများ၌ ဇီဝလုံခြုံရေးမြှင့်တင် မွေးမြူသွားရန်။

(ဂ) ဝက်ခြံလုပ်ငန်းဆောင်ရွက်ပြီးတိုင်း ခြေ/လက်သန့်ရှင်းရေး စနစ်တကျစင်ကြယ်အောင် ဆေးကြောရန်။

(ဃ) မကျန်းမာသောဝက်များ ပြုစုစောင့်ရှောက်သည့်အခါ နှာခေါင်း၊ ပါးစပ်အကာ၊ လက်အိတ်များ အသုံးပြု ကိုင်တွယ်သွားရန်။

(င) မကျန်းမာသော ဝက်များအား ဈေးကွက်သို့ ရောင်းချခြင်း မပြုရန်။

(စ) မူရင်းဇာစ်မြစ်မသိသော ဝက်များကို မွေးမြူခြင်း မပြုရန်၊ အထူးသဖြင့် တရားမဝင် နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာသည့် ဝက်များကို မွေးမြူခြင်း မပြုရန်။

(ဆ) ဝက်သားနှင့် ဝက်သားထွက်ပစ္စည်းများ သေချာစွာ ကိုင်တွယ်ချက်ပြုတ်စားသောက်ပါက ရောဂါမကူးစက်နိုင်ကြောင်း၊ အပူရှိန် ၇၀° C အထက် ချက်ပြုတ်ထားပါက ဗိုင်းရပ်စ်သေဆုံးနိုင်ပါကြောင်း။

၄။ **ဝက်တုပ်ကွေးရောဂါကာကွယ်တားဆီးရေး။** မြန်မာနိုင်ငံအတွင်း ဝက်များ၌ ဝက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိပါသဖြင့် တစ်နိုင်ငံဝက်မွေးမြူသူများ၊ စီးပွားဖြစ် ဝက်မွေးမြူရေးလုပ်ငန်းရှင်များနှင့် ပြုပြင်ထုတ်လုပ်ရောင်းချသူများသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ စည်ပင်သာယာရေးအဖွဲ့၊ ဒေသအာဏာပိုင်အဖွဲ့အစည်းတို့နှင့် ဝက်တုပ်ကွေးရောဂါမဖြစ်ပွားရေး၊ ကာကွယ်တားဆီးရေး ပူးပေါင်းဆောင်ရွက်သွားပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌ မိုးဆက်လက်ထစ်ချုန်းရွာနိုင်

ရန်ကုန် မေ ၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် မေလ၏ပျမ်းမျှ အပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်ဒေသများတွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ထူးခြားသည့်နေ့အပူချိန်များမှာ ကလေးဝမြို့၊မုံရွာမြို့၊မြင်းခြံမြို့၊ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၄၂ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာမိုးရေချိန်မှာ ဟဲဟိုးမြို့တွင် ၀ဒသမ၃၅လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မေ၂ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ဝမ်းလျှော ဝမ်းပျက်ရောဂါ ကြိုတင်ကာကွယ်ရေး ဟောပြော

ရန်ကုန် မေ ၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး မြို့နယ်ခန်းမ၌ ဧပြီ၃၀ရက်က ဝမ်းလျှော၊ ဝမ်းပျက်ရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုး**(အပေါ်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ဝမ်းလျှော၊ဝမ်းပျက်ရောဂါနှင့်ပတ်သက်၍ ရောဂါအခြေအနေနှင့် ကြိုတင်ကာကွယ်ပေးရမည့် အချက်အလက်များကို မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်စိန်စိန်က ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၁၈၃)**

ကမ္ဘာ့လူတုပ်ကွေးရောဂါ ကာကွယ်ရေးသတိပေး နှိုးဆော်ချက်

၁။ ၂၀၀၉ခုနှစ် ဧပြီလ ၁၇ရက်မှ ယနေ့အထိ မက္ကဆီကို၊ အမေရိကန်၊ ကနေဒါ၊ နယူးဇီလန် စသည့် နိုင်ငံများတွင် ဝက်တုပ်ကွေးရောဂါ (Swine Flu) သည် လူများသို့ ကူးစက်ပျံ့နှံ့ခဲ့ရာ လူ ၁၆၀ သေဆုံးခဲ့ပါသည်။

၂။ ယခု ဖြစ်ပွားနေသောရောဂါသည် ဗိုင်းရပ်စ်ပိုးအသစ်တစ်မျိုးကြောင့် ဖြစ်ပွားခြင်းဖြစ်ပြီး ဗိုင်းရပ်စ်မျိုးရိုးဗီဇ လေးမျိုးပေါင်းထားသော ပိုးအသစ်ဖြစ်သဖြင့် ကျယ်ပြန့်စွာ ကူးစက်ပျံ့နှံ့နိုင်သည်ကို သတိပြုရန်လိုအပ်ပါသည်။ ယခုအခါ နိုင်ငံအချို့တွင် ဖြစ်ပွားလျက်ရှိကြောင်းနှင့် ဤရောဂါကို နိုင်ငံတကာဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကြေညာထားပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကြက်၊ ငှက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ကူးစက်မှုမရှိစေရေးအတွက် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယခုအခါ အခြားနိုင်ငံများတွင် ဝက်တုပ်ကွေးမှတစ်ဆင့် လူများသို့ ရောဂါကူးစက်မှုရှိလာသဖြင့် အဆိုပါရောဂါ မြန်မာနိုင်ငံသို့ ဝင်ရောက်ကူးစက်ပျံ့နှံ့ခြင်း မရှိရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆက်စပ်ဆောင်ရွက်လျက်ရှိပါသည်။

၃။ ဝက်တုပ်ကွေးရောဂါ (Swine Flu)၏ လက္ခဏာများသည် ကိုယ်ပူခြင်း၊ နှာရည်ယိုခြင်း၊ နှာချေချောင်းဆိုးခြင်း၊ ကိုယ်လက်မအီမသာဖြစ်၍ ကိုက်ခဲခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အသက်ရှုကျပ်ခြင်းတို့ဖြစ်ပြီး အခြားသော တုပ်ကွေးရောဂါလက္ခဏာများနှင့်လည်း တူညီပါသည်။ ထိုရောဂါလက္ခဏာများဖြစ်ပွားပါက လုပ်ငန်းခွင်၊ ကျောင်း စသည့် လူစုလူဝေးနေရာများသို့ မသွားရောက်ဘဲ မိမိတို့နေအိမ်တွင်သာ အနားယူရန်၊ လိုအပ်လျှင် နီးစပ်ရာကျန်းမာရေးဆေးခန်းများသို့ ဆက်သွယ်၍ ကုသမှုကို ခံယူရန်၊ အဖျားကြီးခြင်း၊ ချောင်းဆိုးကြာရှည်ခြင်း၊ အသက်ရှုခက်ခဲ၍ မောပန်းခြင်း စသည့် ရောဂါပြင်းထန်သော လက္ခဏာများ ခံစားရပါလျှင် ဆေးရုံသို့ ချက်ချင်းပြသ၍ ကုသမှုခံယူရန်၊ ဆေးရုံ၊ ဆေးခန်းများသို့ ကုသရန်သွားရောက်ရာတွင်လည်း အခြားလူများသို့ ကူးစက်မှုမှ ကာကွယ်ရန်အတွက် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ရန် လိုအပ်ပါသည်။

၄။ ဤရောဂါသည် လူမှလူသို့ ကူးစက်လျက်ရှိသည်ကို တွေ့ရပါသဖြင့် ယခင် ဆားစ်အဆုတ်ရောင် ရောဂါဖြစ်ပွားသကဲ့သို့ ကမ္ဘာ့နိုင်ငံ အနှံ့အပြားသို့ လျင်မြန်စွာ ကူးစက်ပြန့်ပွားနိုင်ပြီး ကပ်ရောဂါအသွင်သို့ ဖြစ်လာနိုင်ပါသည်။ သို့ဖြစ်၍ ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များကို သတိပြုလိုက်နာ ကျင့်သုံးကြရန် နှိုးဆော်အပ်ပါသည်–

(က) နှာချေ၊ ချောင်းဆိုးလျှင် လက်ကိုင်ပဝါဖြင့် ဖုံးအုပ်ခြင်း။

(ခ) လက်ကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောခြင်း။

(ဂ) တစ်ကိုယ်ရေသန့်ရှင်းမှုကို ဂရုပြုဆောင်ရွက်ခြင်း။

(ဃ) ကောင်းစွာ အိပ်စက်အနားယူခြင်း။

(င) အာဟာရပြည့်ဝသည့် အစားအစာများ စားသုံးခြင်း။

(စ) ကိုယ်လက်လှုပ်ရှားမှု မှန်မှန်ပြုလုပ်ခြင်း။

(ဆ) လေကောင်းလေသန့် ရရှိအောင် ဆောင်ရွက်နေထိုင်ခြင်း။

၅။ တုပ်ကွေးရောဂါဖြစ်ပွားသူများနှင့် ရောဂါဖြစ်သည်ဟု သံသယရှိသူများသည် အခြားလူများသို့ ရောဂါကူးစက်မှုအား ကာကွယ်နိုင်ရန်လည်းကောင်း၊ လူနာအား စောင့်ရှောက်သူများသည် မိမိတို့ထံ ရောဂါကူးစက်ခြင်း မရှိစေရန်လည်းကောင်း နှာခေါင်းနှင့် ပါးစပ်တို့ကို ဖုံးအုပ်နိုင်သည့် နှာခေါင်းစည်းများ (Surgical Masks) တပ်ဆင်ကြရန် လိုအပ်ပါသည်။

၆။ ကျန်းမာရေးဝန်ကြီးဌာနသည် အဆိုပါတုပ်ကွေးရောဂါ အခြားနိုင်ငံများမှ မြန်မာနိုင်ငံသို့ ကူးစက်ရောက်ရှိမလာစေရေးနှင့် တုပ်ကွေးရောဂါဖြစ်ပွားပါကလည်း လိုအပ်သောဆေးကုသရေးများအတွက် ဆောင်ရွက်ထားရှိပါသည်။ နိုင်ငံအချို့၌ ဖြစ်ပွားလျက်ရှိသော ကမ္ဘာ့လူတုပ်ကွေးရောဂါနှင့်ပတ်သက်၍ ပြည်သူများသိရှိရန် အချက်အလက်များကို လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ဆက်လက်အသိပေးသွားမည်ဖြစ်ပြီး ပြည်သူများကလည်း ကျန်းမာရေးဝန်ကြီးဌာန၏ နှိုးဆော်ချက်အတိုင်း လိုက်နာဆောင်ရွက်ကြရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၀) ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၁

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ် စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၁၂၀)ကို နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း (၁၀)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ယနေ့ ထုတ်ဝေဖြန့်ချိထားသည်။

မြင်းမူမောင်နိုင်မိုး၊ မျိုးခိုင် (မူဆယ်)၊ ချမ်းမြဆောင်း (ကလော)၊ အောင်ထွန်းလင်း (ချောက်)၊ ဇော်မင်းမင်းဦး၊ မြတ်ဘုန်း (တပ်ကုန်း)၊ ဇော်မျိုးဟန် (ငါးသိုင်းချောင်း)၊ မောင်ယဉ်မှူး၊ အေးမြင့်အေး (တပ်ကုန်း)၊ သုကိုကို (ကျုံမငေး)၊ မောင်ရတနာ၊ ရွှေခြံဆွေဦး၊ ပျဉ်းမနားမြင့်လှိုင်၊ မင်းနိုင်လေး (လမ်းမတော်)၊ တင်မောင်(စလင်း)၊ မောင်တင့်လွင်(ပေါက်)တို့၏ အဖွင့်ကဗျာများ၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ ချစ်နိုင် (စိတ်ပညာ)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ စိန်လင်း(ခွဲစိတ်နှင့်ကင်ဆာပါရဂူ)၊ တက္ကသိုလ် ကိုလတ်၊ စောမုံညင်း၊ မလေးပို၊ မြမျက်ရှင်၊ ဒေါက်တာချိုချိုတင့်၊ စစ်ကိုင်း စိမ်းစိမ်း၊ သက်ဦးနိုင်(မြဝတီ)၊ မောင်ကြည်သစ်ဦး၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ ဖိုးသား(ဟိုပင်)၊ သာနိုင်အောင်(ကျိုက်မရော)၊ မောင်ကြည်ထွန်း၊ တက္ကသိုလ်စိုးယဉ်၊ ဦးငွေအောင်မွန်၊ အောင်ဇင်၊ ဒေါက်တာသက်ဆွေ၊ နီငြိမ်း(အညာတက္ကသိုလ်)၊ မြင့်မြတ်သူ (မြောင်လမ်းခွဲ)တို့၏ ဆောင်းပါးနှင့် ဟာသများ၊ ရွှေသဥ္စာ၊ နေမျိုးသန့်၊ ငွေးပုလဲ၊ မိုးပန်းမွန်(ရာမည)၊ မြတ်လေးမြင့်၊ ကိုဇော်ဝင်း(လှတော)၊ စိုးစံ၊ ရွှေကိုဦး၊ မင်းဦး(ဒသန)၊ စောဟန်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်နှင့် ကာတွန်းများအပြင် အမှတ်တရ ပုံရိပ်လွှာ၊ ဗုဒ္ဓစာဉယျာဉ်ကဏ္ဍ၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်ကဏ္ဍ၊ ကလေးတို့အတွက်ကဗျာလက်ဆောင်၊ စာလက်ဆောင်၊ တောလေ့စာပန်းချီ၊ ကဗျာပန်းရုံရိပ်တို့ဖြင့် သုတ၊ရသ၊ စုံလင်စွာတင်ဆက်ထားသည်။

အဆိုပါ မဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန်အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉) ဖွင့်ပွဲအခမ်းအနားတွင် ပြခန်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ICT Development & Application သင်တန်းဆင်း

ရန်ကုန် မေ ၁

ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် Soft Guide Company Ltd. တို့ ပူးပေါင်းဖွင့်လှစ်သော ICT Development & Application သင်တန်း(၁/၂၀၀၉) ဆင်းပွဲကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမှတ်(၃) အခြေခံပညာဦးစီးဌာနရှိ ကွန်ပျူတာသင်တန်းခန်းမ၌ ကျင်းပရာ အမှတ်(၃) အခြေခံပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး(စီမံ-ဘဏ္ဍာ) ဦးစဏ်းအောင်က အမှာစကားပြောကြားပြီး ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်သည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

❒ *ကျောဖုံးမှ*

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံ အီလက်ထရွန်နစ် အမျိုးသားအဆင့် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ထံ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက ဖွင့်ပွဲအထိမ်းအမှတ်တံဆိပ်များကို ပေးအပ်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ယင်းနောက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း ဥက္ကဋ္ဌတို့က ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ပြခန်းအတွင်းရှိ ပြသထားသော အီလက်ထရွန်နစ်ပစ္စည်းများ၊ ဆက်သွယ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံး ဆော့ဖ်ဝဲများနှင့် နည်းပညာစာအုပ်များကို ကြည့်ရှုလေ့လာခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်ဝင်စားသူများ ကြိတ်ကြိတ်တိုးစည်ကားနေသော Myanmar ICT Exhibition 2009 ပြခန်းများ

သတင်းမြင်ကွင်း - မောင်မောင်မြင့်ဆွေ ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း) စာမျက်နှာဖွဲ့စည်းမှု - တိုးလွင် (မြန်မာ့အလင်း)

ရန်ကုန် မေ ၁

အိုင်တီနည်းပညာသည် နိုင်ငံတကာ၌ ရှေ့တန်းရောက်ရှိလာသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် အိုင်တီနည်းပညာကို ကျယ်ပြန့်စွာ အသုံးပြုနိုင်မှုအပေါ်၌လည်း မူတည်သည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် အိုင်တီပြပွဲများ မပြတ်တမ်း ကျင်းပပေးလျက်ရှိသည်။

INFO-GATE ပြခန်းတွင် အိုင်တီထုတ်ကုန်ပစ္စည်းသစ်များကို စိတ်တိုင်းကျ ဝယ်ယူနေကြစဉ်။ (မြန်မာ့အလင်း)

စည်ကား

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ Myanmar ICT Exhibition 2009 အမည်ရှိ အိုင်တီပြပွဲကို မေ ၁ ရက် နံနက် ၈ နာရီက စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်ရာ အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်စားသော လူငယ်များနှင့် ပြည့်ကျပ် စည်ကားလျက်ရှိနေသည်။

ပြခန်းပေါင်း ၁၇၆ခန်းရှိရာ ပြပွဲကျင်းပရာ တပ်မတော်ခန်းမ မျက်နှာစာ၌ အိုင်တီနည်းပညာ သရုပ်ပြပြိုင်ပွဲ၊ နက်ခ်ဝပ်အခြေခံကျွမ်းကျင်မှုပြိုင်ပွဲများကို စိတ်ဝင်စားဖွယ်ရာ ကျင်းပပေးလျက်ရှိရာ လူငယ်များဖြင့် စည်ကားနေသည်။

အံ့သြ

ပြပွဲကျင်းပရာ တပ်မတော်ခန်းမအတွင်း ဝင်လိုက်သည်နှင့် အိုင်တီထုတ်ကုန်ပစ္စည်းနှင့် နည်းပညာပြခန်းများကို ခမ်းနားစွာ မြင်တွေ့ရသည်။ ပြခန်းတိုင်းတွင် အိုင်တီထုတ်ကုန်ပစ္စည်းများကို အံ့သြငေးမောစွာကြည့်ရှုနေသူများ၊ လေ့လာစူးစမ်းနေသူများ၊ စိတ်တိုင်းကျ ဝယ်ယူသူများနှင့် စည်ကားနေသည်။

အမျိုးအစား

ပြခန်းများကို လိုက်လံလေ့လာရာ Brother ပြခန်းတွင် Brother Printer များ၊ All-in-one Multifunction Printer၊ Laser & Inkjet Printer နှင့် Labellers များ ပြသထားသည်ကို တွေ့ရှိရသည်။ Brother ပြခန်းတွင် ပြသထားသည့် A3 Color Inkjet Multifunction Printer သည် Colorprinting Scanning, Copying များကို A3 size အထိပြုလုပ်နိုင်သည့် Professional Series Printer ဖြစ်သည်။ ထို့အပြင် ၄ ဒသမ ၂ လက်မ အရွယ်အစားရှိသော Touch Screen ပါရှိသည်။ Brother printer များမှာ ကိုယ်ပိုင်သုံးနှင့်လုပ်ငန်းသုံး အမျိုးအစားများ ခွဲခြားထားသဖြင့် သုံးစွဲသူများအတွက် အဆင်ပြေသည်။

စိတ်ဝင်စားစွာ

ထို့နောက် ပြခန်းများကိုဆက်လက်လေ့လာခဲ့ရာ လူများ စိတ်ဝင်စားစွာ ကြည့်ရှုနေသော INFO-GATE ပြခန်းအတွင်း ဝင်ရောက်ခဲ့သည်။ ပြခန်းအတွင်း အိုင်တီထုတ်ကုန်ပစ္စည်းများကို လေ့လာကြည့်ရာ EDIMAX နက်ခ်ဝပ်ပစ္စည်းများ၊ လက်တော့ပ်များ၊ Desktop Projector နှင့် ဆက်စပ်ပစ္စည်းများ၊ iP ကင်မရာများ၊ Router များစသည့် အိုင်တီဆက်စပ်ပစ္စည်းပေါင်း ၁၅၀ကျော်ကို စနစ်တကျ ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ ပြပွဲကာလအတွင်း ပစ္စည်းဝယ်ယူသူများအား လက်ဆောင်ပစ္စည်း၊ ကံစမ်းမဲနှင့် အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချသွားမည်ဖြစ်ရာ လူငယ်များအနေဖြင့် အိုင်တီထုတ်ကုန်ပစ္စည်းသစ်များကို စိတ်ကြိုက်လေ့လာနိုင်ပြီး စိတ်တိုင်းကျ ဝယ်ယူနိုင်မည် ဖြစ်သည်။

ASUS ပြခန်းတွင်ပြသထားသော နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံးပစ္စည်းကို တွေ့ရစဉ်။ (မြန်မာ့အလင်း)

အသွင်အပြင်

ပြပွဲကျင်းပရာ တပ်မတော်ခန်းမအတွင်း အသွင်အပြင် ထူးခြားသော ပြခန်းများအနက် ASUS ပြခန်းအတွင်း ဝင်ရောက်လေ့လာရာ Over Clocking Demo နည်းစနစ် ပြသထားသည်ကို တွေ့ရသည်။ မူလအိုင်တီထုတ်ကုန်ပစ္စည်း၏ စက်ရုံသတ်မှတ်ချက်ထက် ပိုမိုလျင်မြန်သော လုပ်ငန်းဆောင်ရွက်မှုကို ရရှိစေသည့် နည်းပညာပင် ဖြစ်သည်။ ASUS အမှတ်တံဆိပ် မားသားဘွတ်၊ ဂရပ်ဖစ်ကတ်၊ LCD မော်နီတာများနှင့် Power Supply များကို ပြသထားသည်။ ထို့အပြင် ဂိမ်းသမားများအတွက် သီးခြားထုတ်လုပ်ထားသော နုတ်ဘွတ်များကိုလည်း ပြသထားသည်။ ပြပွဲကာလအတွင်း အထူးလျှော့ဈေးများဖြင့် ရောင်းချပေးသွားမည် ဖြစ်သည်။ ပြခန်းအတွင်း လေ့လာကြည့်ရှုသူများ သုံးစွဲမှုနည်းပညာများကို မေးမြန်းနေကြသည်ကို တွေ့ရသည်။

ထို့အတူ တိုရှီဘာ ပြခန်းတွင်လည်း လူငယ်များကတိုရှီဘာအမှတ်တံဆိပ် ထုတ်ကုန်ပစ္စည်း နုတ်ဘွတ်၊ ပရိုဂျက်တာ၊ ဒစ်ဂျစ်တယ် မိတ္တူကူးစက်၊ မီနီနုတ်ဘွတ်ပရိုဂျက်တာများကို ပြသထားမှုကို တွေ့ရှိရသည်။

ပြခန်းတိုင်းတွင် စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသူများနှင့် ပြည့်ကျပ်လျက်ရှိရာ အိုင်တီပြပွဲသို့ အိုင်တီနည်းပညာ လေ့လာဆည်းပူးလိုသူ လူငယ်များနှင့် ပြည်သူများ မဖြစ်မနေ သွားရောက်လေ့လာသင့်သည့် အိုင်တီပြပွဲဖြစ်ပါကြောင်း ရေးသားလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

Brother ပြခန်းမှ ပြသထားသောပစ္စည်းများကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

Myanmar ICT Exhibition 2009 ပြပွဲ၌ အိုင်တီနည်းပညာနှင့် ထုတ်ကုန်ပစ္စည်းများကို စိတ်ဝင်စားသော ပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို ဤသို့ တွေ့ရသည်။ (မြန်မာ့အလင်း)

* ရှေ့ဖုံးမှ

တွေ့ဆုံ

ဘိုကလေးမြို့နယ် ကွပ်ကဲရေးရုံး၌ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ခရီးရောက်မဆိုက် တွေ့ဆုံခဲ့ရာ "ဘိုကလေးမြို့နယ်မှာတော့ မုန်တိုင်းကြောင့် ပျက်စီးခဲ့တဲ့ ကျေးရွာ နေအိမ်တွေ အားလုံး အမိုးအကာအောက် ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ။ ကျန်းမာရေး၊ ပညာရေးဆိုင်ရာ အဆောက်အအုံတွေနဲ့ သောက်သုံးရေသန့်ရရှိရေးအတွက်လည်းဟန်ချက်ညီညီ တည်ဆောက် ဖြေရှင်းပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဒါ့အပြင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အဆောက်အအုံတွေလည်း စီမံဆောင်ရွက်နေပါတယ်" ဟု မြန်မာ့အလင်း သတင်းအဖွဲ့အား ပြောပြသည်။

"သဘာဝ ဘေးအန္တရာယ် အတွက် စိတ်မပူရတော့ဘူး"
ဦးချစ်လွင်
တောင်သလဲကျေးရွာ။

ဘိုကလေးမြို့တွင်း အစိုးရရုံး အဆောက်အအုံများ၊ဆေးရုံ၊ စာသင်ကျောင်းနှင့်နေအိမ်များကားပြန်လည်ပြုပြင်တည်ဆောက်ပြီး ဖြစ်သလိုအချို့ အဆောက်အအုံများမှာ မူလထက် ပိုမိုကောင်းမွန်သော အသစ်ဆောက်လုပ်မှုများကိုပင် မြင်တွေ့ရသည်။

တည်ဆောက်နိုင်

ထို့အတူ ဘိုကလေးမြို့နယ်အတွင်း လေဘေးသင့် ကျေးရွာအုပ်စုများဖြစ်သည့် ကြိမ်ချောင်းကြီး၊ မလော့၊ကျွန်းညို၊မဂူ၊ပတ္တမြားကုန်း၊ ချောင်းကြီး၀၊ သုံးထပ်၊ စက်ဆန်း၊ သဇင်ကုန်း၊ ပျဉ်ဘိုးကြီး၊ ဂရမ်း၊ ကျွန်းသာယာ၊ ကဒုံကနီနှင့် အေးရာ ကျေးရွာအုပ်စုများရှိ ကျေးရွာများ ပျက်စီးခဲ့မှုကိုပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်သည်။

ကုန်စည်စီးဆင်းမှု

တစ်ဖန် ဘိုကလေးမြို့နယ်အတွင်း Cyclone Shelter များ တည်ဆောက်မှုနှင့် ပတ်သက်ပြီး လက်တွေ့လေ့လာနိုင်ရန် ဘိုကလေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးခင်စောလိုက်ပါကာမြန်မာ့အလင်းသတင်းအဖွဲ့ စက်လှေဖြင့် တောင်သလဲကျေးရွာသို့ ထွက်ခွာခဲ့သည်။ လမ်းခရီးတစ်လျှောက် ကုန်တင်စက်လှေများ၊ ခရီးသည်တင် စက်လှေများ မပြတ်တမ်းခုတ်မောင်း သွားလာနေကြသလို ငါးဖမ်းလှေများကိုလည်းအများအပြားတွေ့ရှိရသဖြင့် ကျေးလက်ဒေသနေပြည်သူများ၏ ပုံမှန်သွားလာ ကုန်စည်စီးဆင်းမှုကို မြင်တွေ့ရသည်။

ဘိုကလေးမြို့နယ် ကြိမ်ချောင်းကြီးကျေးရွာ၌ ဤသို့ ပြန်လည်တည်ဆောက်ပေးထားသည့် လူနေအိမ်များကိုလည်း နိုင်ခံ့သပ်ရပ်စွာ မြင်တွေ့ရသည်။ (မြန်မာ့အလင်း)

မုန်တိုင်းဒဏ်ခံနိုင်ပြီး အနီးဝန်းကျင်မှ ဒေသခံများ သဘာဝဘေးဒဏ်မှ ခိုလှုံနိုင်ရန် ခိုင်ခံ့စွာ တည်ဆောက် ပြီးစီးနေသည့် ဘိုကလေးမြို့နယ် သာပေါင်းကျေးရွာ မူလတန်းကျောင်း မြင်ကွင်း။ (မြန်မာ့အလင်း)

တောင်သလဲ

တောင်သလဲရွာသို့ တစ်နာရီခန့်အကြာတွင် ရောက်ရှိခဲ့သည်။ ကမ်းခြေမှ လှမ်းကြည့်လိုက်သည်နှင့် ဒီဇိုင်းပုံစံ ထူးခြားသည့် အဆောက်အအုံသစ်ကို မြင်တွေ့လိုက်ရသည်။ အဝါရောင်လွှမ်းနေသည့် အဆောက်အအုံဖြစ်သည်။ အဆောက်အအုံ အတွင်းလိုက်လံလေ့လာကြည့်ရာ မြေပြင်မှ ရှစ်ပေမြင့်ပြီး အပေါ်ထပ်မှာ အမိုးနှင့် ရှစ်ပေမြင့်ကြောင်း သိရသည်။

ဖွင့်နိုင်ရန်စီစဉ်ထား

ဤ Cyclone Shelter သည် သစ်များဖြင့် တည်ဆောက်ထားခြင်းဖြစ်ပြီး ဆဋ္ဌဂံပုံစံဖြစ်သည်။ အပေါ်ထပ်တွင် အလွယ်တကူ ဖြုတ်နိုင်၊ တပ်ဆင်နိုင်သော ခန်းဆီးများရှိရာ လေပြင်းမုန်တိုင်း တိုက်ခတ်ပါက ခန်းဆီးများဖြုတ်ပြီး ဖွင့်နိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ အမိုးမှာအလူဇင့်လေးမြောင်းသွပ် အချပ်၁၂၀ မိုးထားသည်။

Cyclone Shelter ၏ အပေါ်ခေါင်မိုးထိပ်၌ မိုးကြိုးလွှဲတပ်ဆင်ထားသလို ကြိုတင်သတိပေးမှု စနစ်လည်း တပ်ဆင်ပေးထားသည်။ ထို့အပြင် ညအချိန် မုန်တိုင်းတိုက်ခတ်ပါက Cyclone Shelter ရှိရာကို ရှာဖွေနိုင်ရန် Cyclone Shelter ၏ ထိပ်၌အချက်ပြမီးတပ်ဆင်ပေးထားရာ ကောင်းမွန်သည့်အချက်ပင်ဖြစ်သည်။ ထိုအချက်ပြမီးအတွက် နေရောင်ခြည်ပြားများကို အသုံးပြုကာ အချက်ပြမီးလင်းစေအောင်တပ်ဆင်ထားခြင်းဖြစ်သည်။

အဝါရောင်ဆေး

ဤ Cyclone Shelterကို အဝါရောင်ဆေးသုတ်ထားမှုမှာလည်း နှင်းများကျဆင်းမှု ဆိုးရွားလျှင် ဖြစ်စေ၊ ညအမှောင်တွင်ဖြစ်စေ ရုတ်တရက်ရှာဖွေတွေ့ရှိနိုင်ရန်အတွက်ပင် ဖြစ်သည်။ ဤ Cyclone Shelter အပေါ်ထပ်၌ ကျောင်းသားကျောင်းသူ ၁၈၀ ခန့်စာသင်ကြားမှုပြုလုပ်မည်ဖြစ်သလို သဘာဝဘေးကြုံတွေ့ရပါက အနီးဝန်းကျင် ကျေးရွာများမှ လူ ၅၀၀ခန့် ခိုလှုံနိုင်မည်ဖြစ်သည်။ အနီးဝန်းကျင်မှ ကျေးရွာသားများကိုလည်း သဘာဝဘေးအန္တရာယ်နှင့် Cyclone Shelter အကြောင်းအသိပညာပေးမှုများပြုလုပ်ပေးထားသဖြင့် သဘာဝဘေး ကြုံတွေ့ရပါက အလွယ်တကူ အချိန်တိုအတွင်း ဘေးကင်းစွာ ခိုလှုံနိုင်ကြမည်ဖြစ်သည်။

ကျေးဇူးတင်

ဤCyclone Shelter သည် တစ်နာရီလျှင် မိုင် ၁၀၀ကျော် တိုက်ခတ်သော မုန်တိုင်းများဒဏ်ကို ခံနိုင်ရည် ရှိကြောင်း သိရသည်။ ယခုကဲ့သို့ Cyclone Shelter တည်ဆောက်ပေးမှုအပေါ် ကျေးရွာသားတစ်ဦးအား မေးမြန်းရာ "ကျွန်တော်က တောင်သလဲရွာက ဦးချစ်လွင်ပါ။ အခုလို Cyclone Shelter တည်ဆောက်ပေးထားပြီဆိုတော့ သဘာဝဘေးဒဏ်အတွက် စိတ်မပူရတော့ဘူး၊ ကျေးဇူးအလွန်တင်ပါတယ်" ဟု မြန်မာ့အလင်းသို့ ဖြေကြားသည်။

ဘိုကလေးမြို့နယ် စက်စု ကျေးရွာ အထကကျောင်း ပြုပြင်ပြီးစီးနေပြီဖြစ်ရာ ကျောင်းသားကျောင်းသူများအား ယခုနှစ် ကျောင်းဖွင့်ရာသီ၌ စာသင်ကြားရန် အသင့်ဖြစ်ပေပြီ။ (မြန်မာ့အလင်း)

ရေဝတီတိုင်း ဘိုကလေးမြို့နယ် ညီနောင်ဝကျေးရွာ၌ နေအိမ်များ အသစ်ပြန်လည် တည်ဆောက်ပေးထားမှုကလည်း ဤသို့ အစီအရီ သပ်သပ်ရပ်ရပ်။ (မြန်မာ့အလင်း)

စာသင်ကျောင်း

တောင်သလဲကျေးရွာမှသာပေါင်းရွာသို့စက်လှေဖြင့် ဆက်လက်ထွက်ခွာခဲ့သည်။ သာပေါင်းရွာတွင် မုန်တိုင်းဒဏ်ခံ မူလတန်းစာသင်ကျောင်း တည်ဆောက်ထားမှုကို လေ့လာခဲ့သည်။ အလျားပေ၁၂၀နှင့် အနံပေ၃၀ ရှိသော အာရ်စီ တစ်ထပ်ကျောင်းဆောင်ဖြစ်သည်။ ထုထည်ခိုင်ခံ့ပြီး သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့်အပြင် မုန်တိုင်းတိုက်ခတ်ပါက ကျေးရွာသားများ ဘေးကင်းစွာခိုလှုံနိုင်အောင် တည်ဆောက်ထားသည့် မူလတန်းစာသင်ကျောင်း ဖြစ်သည်။ကျောင်းမျက်နှာစာတွင်လည်း ရေဂါလန်တစ်သောင်းဆံ့သည့် မိုးရေခံကွန်ကရစ်လောင်း တည်ဆောက်ထားသော သောက်သုံးရေသို့လှောင်ကန်ရှိရာ သောက်သုံးရေအတွက်ပူပင်စရာမရှိစေရန် စနစ်တကျ တွက်ချက် တည်ဆောက်ထားခြင်းဖြစ်သည်။

"နေအိမ်တွေ အားလုံး အမိုးအကာအောက် ရောက်ရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါပြီ"
ဦးစိုးသိန်း (ဥက္ကဋ္ဌ)
ဘိုကလေးမြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ

ဘိုကလေးမြို့နယ် စက်ဆန်းကျေးရွာကို ပြန်လည်တည်ဆောက်ပေးထားမှုမြင်ကွင်းကလည်း ဤသို့ ခိုင်ခိုင်ခံ့ခံ့။ (မြန်မာ့အလင်း)

ထို့နောက် ဒေါင့်ကြီးအနောက်ကျွန်း တာတမံ ပြုပြင်ထားရှိမှုကို လေ့လာရန် ဆက်လက်ထွက်ခွာခဲ့သည်။ လမ်းတစ်လျှောက်မြင်ကွင်းများက ပုံမှန်လှုပ်ရှား အသားကျနေသည့် ဒေသခံတို့၏သွားလာလှုပ်ရှားမှုများပင်။ ဒေါင့်ကြီး အနောက်ကျွန်း တာတမံသည် အရှည် ၃၁ဒသမ၆မိုင်ရှိရာ ရေငန်တားမှုနှင့် သဘာဝဘေးကြုံတွေ့ရပါက အလွယ်တကူ ရှောင်တိမ်းနိုင်ရန်ဖြစ်သည်။ ဤတာတမံသည် သဘာဝဘေး ကြုံတွေ့ရပါက အလွယ်တကူ ခိုလှုံနိုင်ရန်လည်း ကူညီဖြည့်ဆည်းနိုင်မည်ဖြစ်သည်။

သဲချောင်းရွာ

ထို့အတူ သဘာဝဘေးဒဏ် ကြုံတွေ့ခံစားခဲ့ရသည့် ဒေါင့်ကြီး ကျေးရွာအုပ်စု သဲချောင်းရွာရှိ အိမ်ရာတည်ပေးထားမှုကို လေ့လာခဲ့သည်။ စနစ်တကျ စီတန်းတည်ဆောက်ပေးထားသော အိမ်ရာများကို အမြင်ဆန်းစွာ မြင်တွေ့ရသည်။ စက်ဆန်းအထက ကျောင်းပြန်လည် ပြင်ဆင်တည်ဆောက်မှုမှာလည်း ရာနှုန်းပြည့် ပြီးစီးသွားခဲ့ပြီဖြစ်ရာ ကျောင်းသူကျောင်းသားများ စာပေသင်ကြားမှုကို စိတ်အေးချမ်းသာစွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

ထိုမှတစ်ဆင့် ကြိမ်ချောင်းကြီး ကျေးရွာသို့ ဆက်လက်ထွက်ခွာခဲ့သည်။ ကြိမ်ချောင်းကြီးရွာ၏လက်ရှိအနေအထားအရ မူလထက် ပိုမိုကောင်းမွန်သော နေအိမ်သွင်ပြင်များ တည်ဆောက်ပေးထားမှုကို မြင်တွေ့ရသည်။ ခြံစည်းရိုးများ၊ အိမ်အနီးဝန်းကျင်တွင် စိုက်ပျိုးထားသည့် တစ်ပိုင်တစ်နိုင် စိုက်ခင်းများကို မြင်တွေ့ရရာ ကျေးရွာသားများအတွက် မီးဖိုချောင်သုံး ဟင်းသီးဟင်းရွက်များကို လွယ်ကူစွာ ခူးဆွတ်စားသုံးနိုင်ကြမည်ဖြစ်သည်။ အမြော်အမြင်ကြီးလှသောဆောင်ရွက်မှုပင်ဖြစ်သည်။

ထိုမှတစ်ဖန် ရေလွှတ်တောင်ကုန်းများ တည်ဆောက်ထားမှုနှင့် ပတ်သက်၍လည်း ကျုံစိန်၊ ကဒုံကနီ၊ ဝွေးချောင်း၊ မရမ်းချောင်း၊ ကြိမ်ချောင်းကြီးစသည့်ကျေးရွာများတွင် ရေလွှတ်တောင်ကုန်းများတည်ဆောက်ပေးထားသည်ကို တွေ့ရသည်။ အနီးဝန်းကျင်ရှိ ဒေသခံများသဘာဝဘေးကြုံတွေ့ရပါက ဘေးကင်းစွာခိုလှုံနိုင်စေရန်အတွက် ခရီးမိုင်ကို တွက်ချက်ကာ တည်ဆောက်ပေးထားခြင်း ဖြစ်သည်။

သာပေါင်း-ကြိမ်ချောင်းလမ်း

ထို့နောက် စက်လှေဖြင့် ပြန်လည် ထွက်ခွာခဲ့ရာ သာပေါင်း-ကြိမ်ချောင်းလမ်းကို မူလတာပေါင်အနိမ့်မှတာပေါင်အမြင့်အဖြစ် တိုးမြှင့်တည်ဆောက်ခြင်းကို ဆက်လက်လေ့လာခဲ့ရသည်။ ၂၁ မိုင် ရှည်သည့် သာပေါင်း- ကြိမ်ချောင်း လမ်းမှာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ရာ ဆိုင်ကယ်များ၊ ထော်လာဂျီများသွားလာနေကြသည်ကို တွေ့မြင်ရသည်။

ဆက်လက်၍ ကြိမ်ချောင်း-ကဒုံကနီလမ်း လမ်းသားအသစ်ဖောက်လုပ်နေမှုမှာလည်းရာနှုန်းပြည့်ပြီးစီးတော့မည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးအတွက် အခက်အခဲ အတားအဆီး မရှိအောင် ဆောင်ရွက်ခဲ့ပြီဖြစ်သည်။

ထို့နောက် ဘိုကလေးမြို့သို့ စက်လှေဖြင့်ပြန်လည်ထွက်ခွာခဲ့သည်။ ဘိုကလေးမြို့နယ်အတွင်း လေမုန်တိုင်းဒဏ်ခံ အဆောက်အအုံဆောက်လုပ်မှုတွင် ကဒုံကနီ၊ အေးရာ၊ ကြိမ်ချောင်းကြီးနှင့် အပြင်ပဒဲကောတန်းရွာများတွင် ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

စနစ်တကျ

ဘိုကလေးမြို့နယ်တွင် မုန်တိုင်းဒဏ်ကို ဆိုးရွားစွာ ခံစားရသည့် ကျေးရွာအများအပြားရှိခဲ့သော်လည်း နိုင်ငံတော်က စနစ်တကျ အကောင်အထည်ဖော် ပြန်လည်ထူထောင်ဆောက်လုပ်ပေးခဲ့သည့် အပြင် စေတနာရှင် ပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်းပေးမှုကြောင့် တစ်နှစ်တာ ကာလအတွင်း ထူးခြားစွာပြောင်းလဲတိုးတက်ခဲ့ပြီဖြစ်ပါကြောင်း၊ နာဂစ် မုန်တိုင်းအပြီး တစ်နှစ်တာအတွင်း ဖွံ့ဖြိုးတိုးတက်မှု မြင်ကွင်းအဖုံဖုံကို ကိုယ်တွေ့သိမြင်ခဲ့ရမှုကို ကွင်းဆင်းရေးသား ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

■ *ကျောဖုံးမှ*

ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးခင်မောင်မြင့်က စစ်တွေ-မြေပုံထွက်သည့် သင်္ဘော မကြုံသဖြင့် ရရာမော်တော်ဘုတ်ကို ကူညီစီစဉ်ပေးရာ သတင်းခရီးသည်တို့ လိုက်ပါသွားခဲ့ကြသည်။ သတင်းခရီးသည်တို့အဖွဲ့တွင် မြေပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ဟန်ဦး၊ မြို့နယ်လျှပ်စစ်မှူး ဦးလှထွန်း၊ မြို့နယ်စည်ပင်သာယာအင်ဂျင်နီယာ ဦးကောင်းထွန်းလင်းတို့ ပါရှိလာကြသည်။

"ဒေသခံ လယ်သမားများနဲ့ ဝန်ထမ်းများ တက်ညီလက်ညီ ကြိုးပမ်းကြပါတယ်၊ ငါး၊ ပုစွန်ထုတ်လုပ်မှုမှာ ကျပ်သန်းပေါင်း ၉၇၅၄ သန်း ထုတ်လုပ်နိုင်ပါတယ်" ဦးသက်နိုင်
ဥက္ကဋ္ဌ
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ မြေပုံမြို့။

ရှင်းလင်းပြောကြား

နံနက် ၈နာရီ ၂၅မိနစ်တွင် စစ်တွေဆိပ်ကမ်းချောင်း မြေပုံဘုတ်ဆိပ်မှ ထွက်ခွာပြီး ရေမိုင် ၅၀ကွာဝေးသည့် စစ်တွေမှ မြေပုံခရီးစဉ်ကို စစ်တွေမြစ်၊ ပေါက်တောမြစ်(ခ)တောင်ဖူးမြစ်၊ ဇီးချိုမော်မြစ်၊ အာဂရချိုင်မြစ်၊ ဟံတာပင်လယ်ကို ဖြတ်ကာ ခုတ်မောင်းရာမှ သတင်းခရီးသည် ရောက်လိုလှသည့် ကျွန်းစုမြေနှင့်ဖွဲ့ထားသည့် မြေပုံမြို့ ရောက်သည်နှင့် ဆိပ်ခံတံတားမှ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲမွန်အောင်၊ မြို့နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးဘစံအောင်နှင့် မြို့နယ် ငါးလုပ်ငန်း ဦးစီးမှူး ဦးနိုင်ဝင်းသိန်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးငွေးဝင်းတို့က ကြိုဆိုကြပြီး ဆိပ်ကမ်း ခေတ္တနားနေဆောင်မှာပင် မြေပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းပြောကြားကြသည်။

ဝမ်းသာပီတိဖြစ်

သတင်းခရီးသည်မှာ ပင်ပန်းနေသော်လည်း ဒေသခံများ၏ ဒေသဖွံ့ဖြိုးမှုများ ပြောပြသည်ကို နားထောင်ရသဖြင့် ဝမ်းသာပီတိ ဖြစ်ရသည်။ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့က ခရီးသည်နှင့်အဖွဲ့ တည်းခိုရမည့်ရိပ်သာသို့ လိုက်ပို့သည်။

သတင်းခရီးသည်တို့ မနားနိုင်ပါ။ အလင်းရောင် မကွယ်ပျောက်မီ သတင်းရယူနိုင်ရန်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ သုံးဘီးဆိုင်ကယ်ဖြင့် သွားကြသည်။

အောင်မြင်ဖြစ်ထွန်းနေသည့် စပါးခင်းကို သီးနှံဖျက်ပိုးများ မကျရောက်စေရန် ဆေးဖျန်းနေစဉ်။ (မြန်မာ့အလင်း)

ဒေသဝမ်းစာဖူလုံ

မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်နိုင်က "မြေပုံမြို့နယ်ဟာ ကျွန်းကြီး ၄၄ကျွန်း၊ ကျွန်းငယ် ၇၆ကျွန်းနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်းစုမြို့နယ်တစ်ခု ဖြစ်ပါတယ်။ မိုးစပါး ဧက ၆၇၀၀၀လျာထားရာ ဧက ၆၇၀၂၀ စိုက်ပျိုးခဲ့တယ်။ ၂၀၀၈-၂၀၀၉ခုနှစ်မှာ စပါးတင်းပေါင်း ၄၄၃၄၇၁၃ တင်း ထွက်ရှိပြီး ဒေသဝမ်းစာဖူလုံမှုမှာ ၁၄၅ဒသမ၁၈ တင်း ရာနှုန်းဖြစ်ပါတယ်။ ဒေသခံ လယ်သမားများနဲ့ ဝန်ထမ်းများ တက်ညီလက်ညီ ကြိုးပမ်းကြပါတယ်။ ငါး၊ ပုစွန်ထုတ်လုပ်မှုမှာလည်း ကျပ်သန်းပေါင်း ၉၇၅၄ သန်း ထုတ်လုပ်နိုင်ခဲ့ပါတယ်" ဟု သတင်းခရီးသည်ကို ရှင်းပြသည်။

မြို့နယ်စိုက်ပျိုးရေး မန်နေဂျာက မြေပုံမြို့သည် ပုံမှန်မိုးရွာရက် ၁၀၇ရက်နှင့် ပျမ်းမျှမိုးရေချိန်လက်မ ၁၉၂ ဒသမ၀၉ ဖြစ်ကြောင်း၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် မိုး ၁၂၁ရက် ရွာသွန်းကာ မိုးရေချိန်လက်မ ၂၀၈ဒသမ၅၇လက်မဖြစ်သဖြင့် မိုးများသောဒေသဖြစ်ကြောင်း၊ မိုးစပါးမှာ ပျမ်းမျှ ၆၆ဒသမ၀၇တင်းနှုန်း ထွက်ရှိကာ မြို့ဝင်စံပြကေ၂၀၀တွင် တောင်သူ ၁၀၀က စိုက်ပျိုးရာ ၁၉၆၁၆တင်း ထွက်သဖြင့် တစ်ဧက ၉၈ဒသမ၀၈တင်း ထွက်ရှိပြီး မြို့ထွက်စံပြ ကေ၂၀၀တွင် တောင်သူ ၈၃၃၉တင်းနှုန်းထွက်ကြောင်း ပြောပြပါသည်။

များစွာတိုးတက်

စံပြကွက်များကဲ့သို့ စိုက်ကွက်များ စပါးအထွက်နှုန်း ကောင်းစေရန်အတွက် ယခုအခါ တောင်သူအများစုမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပညာပေးမှု၊ ဓာတ်မြေဩဇာနှင့် ဇီဝစူပါရွက်ဖျန်း မြေဩဇာများ သုံးစွဲတော့မည်ဖြစ်ကြောင်း သိရသဖြင့် မြေပုံမြို့နယ်သည် ဒေသဆိုင်ရာအဖွဲ့အစည်းအဆင့်ဆင့်၏ ကြိုးကြပ်မှုဖြင့် မကြာတော့သည့်ကာလတွင် မိုးစပါး စိုက်ပျိုးထုတ်လုပ်မှုသည် များစွာတိုးတက်လာတော့မည် ဖြစ်သည်။

ကြိုးပမ်း

မြေပုံမြို့သည် ကြပ်စင်မြစ်နှင့် ဟံတာပင်လယ်အော်တို့ ဝန်းရံထားသဖြင့် ရေငန်များသာရှိ၍ နွေစပါး စိုက်ပျိုးနိုင်ခြင်း မရှိသေးပေ။ သို့သော် ဒေသခံတောင်သူများသည် ဆောင်းတွင်း၌ကျသည့်နှင်းကို အားကိုးကာ ဆီထွက်သီးနှံများ၊ ဆောင်းသီးနှံများ စိုက်ပျိုးသဖြင့် ဒေသဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံလယ်သမားတို့၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုရမည် ဖြစ်သည်။

ဆီထွက်သီးနှံအဖြစ် နေကြာ ဧက ၃၁၀၊ ဆီမုန်ညင်း ၂၆၄၈ဧက၊ ပန်းနှမ်း ၁၂ဧက စိုက်ပျိုးခဲ့ပြီး ၃၆၀၀၂တင်း ထွက်ရှိကြောင်း သိခဲ့ရသည်။

မြေပုံမြို့နယ် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ဒေသခံများ စာကြည့်နေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

စားဖိုဆောင်သီးနှံ

ထို့ပြင် ပဲမျိုးစုံဖြစ်သည့် မတ်ပဲ ၃၀၄ ဧက၊ ဗိုလ်ကိတ်ပဲ ၁၅၀၃ဧက၊ မီးဖိုချောင်သုံးသီးနှံဖြစ်သည့် ငရုတ်စို ဧက၁၁၀၊ ငရုတ်ခြောက် ဧက၉၂၀၊ အာလူး ၁၀ဧက၊ မုန်လာ၊ ခဝဲ၊ ချဉ်ပေါင်၊ ပန်းဂေါ်ဖီ၊ ဘူးဖရုံ၊ သခွားနှင့် အခြားသီးနှံ ၃၀၉၈ဧက စုစုပေါင်း စားဖိုဆောင်သီးနှံ စုစုပေါင်း ၄၁၃၈ဧက အောင်မြင်စွာ စိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး ဒေသခံလယ်သမားများ စီးပွားရေး အထိုက်အလျောက် အောင်မြင်လျက်ရှိကြောင်း သိရသည်။

ဖွံ့ဖြိုးရေးလုပ်ငန်း အနေဖြင့်လည်း မြို့မီးလင်းရေးကော်မတီသည် မြို့နယ်လျှပ်စစ်ဌာနဖြင့် ပူးပေါင်းကာ ညစဉ် ည ၇နာရီမှ ည၁၀နာရီအထိ ဒီဇယ်ဓာတ်အားပေးစက်ဖြင့် ဓာတ်အားများကို အိမ်သုံးမီတာ ၅၈၃ခု၊ လမ်းမီးမီတာ ၇၃ခုသို့ ဖြန့်ဝေပေးလျက်ရှိသည်။ မြို့မီးလင်းရေး ကော်မတီက မြေပုံမြို့ ဆိပ်ကမ်းသာယာလှပရေးအတွက် နှစ်ပေမီးချောင်းများ တပ်ဆင်ပေးထားသည်ကို တွေ့ရသည်။

ဖောက်လုပ်ပြီးစီး

မြေပုံမြို့နယ် လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးရေးအဖြစ် မြေပုံ-မင်းပြားလမ်းဖောက်လုပ်လျက်ရှိရာ အရှည်၂၃မိုင်၂ဖာလုံ၊အကျယ် ၁၂ပေ၊ ကျောက်ချောလမ်းဖြစ်ပြီး မြေပုံမြို့နယ်အပိုင်းဖြစ်သည့် ခေါင်းဖြူရွာမှ ဝက်ခေါင်းရွာအထိ လမ်းအရှည် ၇မိုင် ၂ဖာလုံမှာ ဖောက်လုပ်ပြီးစီးပြီဖြစ်သည်။ ဤအပိုင်းများကို ဆက်လက်လုပ်ဆောင်ရန်အတွက် မြေပုံ-မင်းပြားလမ်း အထူးအဖွဲ့(၂)မှဆောင်ရွက်လျက်ရှိပြီး စက်ယန္တရားများလည်း ရောက်ရှိနေပြီဖြစ်သည်။

တိုးတက်ကောင်းမွန်

မြေပုံ-မင်းပြားလမ်းသည် မြေပုံမြို့သူမြို့သားတို့၏ အသက်သွေးကြောပင်ဖြစ်သည်။ မြေပုံမြို့သည် ရေငန်ပတ်လည်ဝန်းရံလျက်ရှိသော ကျွန်းမြို့တစ်မြို့ဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေးတွင် ယခင်က ရေလမ်းတစ်ခုတည်းသာရှိရာ ရာသီဥတုဆိုးရွားခြင်း၊ မုန်တိုင်းဝင်ရောက်ခြင်းတို့ကြောင့် မိုးတွင်းကာလများတွင် ရေလမ်းဖြင့် ခရီးသွားလာခြင်းမှာ လွန်စွာခက်ခဲလှသည်။ ထို့ကြောင့် မြေပုံ-မင်းပြားလမ်း ရာနှုန်းပြည့် ပြီးစီးသွားပါက မြေပုံမြို့သူ မြို့သားတို့၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး အစရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ယခုအခါကပင် မြေသားလမ်းပြီးသည်နှင့် မြေပုံမြို့နယ်အတွင်းရှိ မြေပုံ-မင်းပြားလမ်းပေါ်တွင် တည်ရှိသော ကျေးရွာများမှ မြေပုံမြို့သို့ ထော်လာဂျီ၊ ဆိုင်ကယ်၊ စက်ဘီး၊ ဆိုက်ကား တို့ဖြင့် ဥဒဟို သွားလာနေကြပြီဖြစ်ပေသည်။

စဉ့်ထည်မြေထည်လုပ်ငန်း

ထိုမှတစ်ဖန် မြေပုံမြို့ ဒေသထွက်ကုန်တစ်မျိုးဖြစ်သည့် စဉ့်ထည်မြေထည်လုပ်ငန်းသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲမွန်အောင်၊ စည်ပင်အင်ဂျင်နီယာ ဦးကောင်းထွန်းလင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးငွေးဝင်းတို့ လိုက်ပို့သဖြင့် ရောက်ခဲ့သည်။

မီးဖုတ်ရန် အသင့်ပြုလုပ်ထားသော အိုးများကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ဦးမောင်ဝေတင်၏ စဉ့်ထည်နှင့်မြေထည်လုပ်ငန်းသို့ ရောက်သည်နှင့် မြေအိုးများ၊ စဉ့်အိုးများက အစီအရီ ညီညာလှပစွာ တွေ့မြင်နေရသည်။ လုပ်ငန်းတွင် အဓိကကျသည့် ရွှံ့မြေကို အနီးမှပင် ရရှိသဖြင့် အဆင်ပြေကြသည်။ လုပ်သား ၂၀ခန့်မှာ လုပ်အားခ အနည်းဆုံး ကျပ်နှစ်သောင်းမှ ငါးသောင်းအထိ ရရှိပြီး ပိုင်ရှင်များ တစ်လကျပ် ငါးသိန်းခန့် ဝင်ငွေရသဖြင့် ပိုင်ရှင်နှင့် လုပ်သားတို့ဘဝ အဆင်ပြေနေကြသည်ကို ဝမ်းမြောက်စွာ တွေ့မြင်ခဲ့ရသည်။

မိုးစပါး

မြေပုံ မြို့နယ်သည် အရှေ့မှ အနောက်သို့ ၃၂ဒသမ ၅မိုင်၊ တောင်မှ မြောက်သို့ ၄၄မိုင် စုစုပေါင်း ၉၄၂ဒသမ ၁၂မိုင် ကျယ်ဝန်းကာ ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၅၁အုပ်စု၊ ကျေးရွာပေါင်း ၁၄၀ဖြင့် ပြန့်ကျဲတည်ရှိပြီး မြို့ပတ်ပတ်လည်တွင် ရေငန်များ ဝိုင်းရံထားသော်လည်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်တို့၏ ကြီးကြပ်မှုဖြင့် မိုးစပါး ဒေသဝမ်းစာပိုလျှံအောင် ထုတ်လုပ်နိုင်မှု၊ ငါး၊ ပုစွန်ထုတ်လုပ်အောင်မြင်မှု၊ ဒေသခံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို ကိုယ်တိုင်တွေ့မြင် ရေးသားတင်ပြလိုက်ရပါတော့သည်။ ။ **(မြန်မာ့အလင်း)**

ကိုယ်အင်္ဂါမသန်စွမ်းသူများအား မုန့်လုပ်နည်းသင်ကြား

ရန်ကုန် မေ ၁

စမ်းချောင်းမြို့နယ် ညောင်တုန်းလမ်းရှိ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများရုံးတွင် ပြုလုပ်သော ရင်းနှီးမှုအနည်းငယ်မျှနှင့် မြန်မာမုန့်ပြုလုပ်နည်းကို ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ရည်ရွယ်၍ အုန်းစိမ်းကျောက်ကျောကျိုနည်း၊ မြိတ်သာဂူလုံးနှင့် ငှက်ပျောသီးပေါင်းပြုလုပ်နည်းတို့ကို စားကြမယ်ဟော့ကောင်းကောင်း အစီအစဉ်မှ ဒေါ်မျိုးမျိုးခိုင်က ဧပြီ ၂၉ရက်က လက်တွေ့သင်ကြားပေးသည်။ **(ဝဲပုံ)** ထို့အပြင် မေ ၁၂ရက်နှင့် မေ ၁၃ရက်တို့တွင် ပန်းအလှပြုပြင်နည်းသင်တန်းကို မွန်းလွဲ ၁နာရီမှ ညနေ၄နာရီအထိ ကိုအောင်မြင့်(မဟာဝိဇ္ဇာ)က သင်ကြားပို့ချပေးမည်ဖြစ်ရာ တက်ရောက်လိုသူများသည် မေ၁၁ရက် နောက်ဆုံးထား၍ ဖုန်း-၅၁၈၂၀၁သို့ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (၁၀၃)

● *ကျောဖုံးမှ*

ထည့်သွင်းပေး

အရံဂြိုဟ်လမျက်နှာပြင်ပေါ်တွင် အိမ်ဆောက်လုပ်မည့် အိမ်ပုံစံကို စက်ရုပ်၏ မှတ်ဉာဏ်ပြားအတွင်း အချက်အလက်များ ထည့်သွင်းပေးလိုက်ခြင်းဖြစ်ရာ ယင်းပုံစံအတိုင်း စက်ရုပ်ကနေ အိမ်ဖြစ်အောင် ကိုယ်တိုင်တည်ဆောက်မည်ဖြစ်သည်။

စက်ရုပ်ကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ထားပြီးဖြစ်ရာ အရံဂြိုဟ်လမျက်နှာပြင်ပေါ်တွင် နေအိမ်များ တည်ဆောက်ပေးနိုင်မည် ဖြစ်သည်။ အရံဂြိုဟ်လမျက်နှာပြင်ပေါ်တွင် တည်ဆောက်မည့် အိမ်ရာစီမံကိန်းကို လာမည့် ၂၀၁၂ခုနှစ်၌ စတင်ရန် မျှော်မှန်းထားသည်။

ပါဝင်

အရံဂြိုဟ်လ၏ မျက်နှာပြင်ပေါ်တွင် တည်ဆောက်မည့်အိမ်တွင် စပါးကျီသို့မဟုတ် ကုန်သိုလှောင်ရုံတစ်လုံးနှင့် ဥယျာဉ်ငယ်လေးတစ်ခုလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ။

လုံးချောနှင့် ယှဉ်ပြိုင်ထိုးသတ်ရေးသာ အဓိကထား ဂျပန်လက်ဝှေ့သမား ဆာမူကာဝါပြောကြား

တွေ့ဆုံမေးမြန်းနှင့်ဓာတ်ပုံမှတ်တမ်း - ဇင်လင်းထွန်း(ခနဖြူ) စာမျက်နှာဖွဲ့စည်းမှု - အေးအေးလွင်(မြန်မာ့အလင်း)

ရန်ကုန် မေ ၁

အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူး၍ ထက်လင်းအကြောပြေဒဏ်ကျေလိမ်းဆေးတိုက်၏ အဓိကကူညီပံ့ပိုးမှုဖြင့် H & S Group မှ ဦးစိုင်းဇော်ဇော်(ဇော်ပစ်တိုင်းထောင်ဗီဒီယို)စီစဉ်သည့် မေ ၂ရက်နှင့် ၃ ရက် ညနေ ၃နာရီတွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပမည့် မြန်မာ-ဂျပန် မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲကြီး ယှဉ်ပြိုင်ရန် ဂျပန်နိုင်ငံမှ လက်ဝှေ့သမားလေးဦး အပါအဝင် အဖွဲ့ဝင်ကိုးဦးတို့ ဧပြီ ၃၀ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ဂျပန်လက်ဝှေ့အဖွဲ့အား မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင် (အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်)၊ ဒေါက်တာခင်မောင်ထွန်း(ထက်လင်းတိုင်းရင်းဆေး)၊ ဦးဝင်းဇင်ဦး (ပြည်ပဆက်ဆံရေး တာဝန်ခံ) အတွင်းရေးမှူး ဦးကျော်ဆန်း(အား/ကာ ဒုတိယညွှန်မှူး)နှင့် တာဝန်ရှိသူများ၊ ပွဲစီစဉ်သူ ဦးစိုင်းဇော်ဇော်တို့က လေဆိပ်တွင် ကြိုဆိုကြသည်။

သူတို့ပါဝင်

ဂျပန်လက်ဝှေ့အဖွဲ့ကို Mr.Yoshinori Nishi က အုပ်ချုပ်သူအဖြစ် ဦးဆောင်လာပြီး ညှိနှိုင်းရေးမှူး Mr.Takuya Takamori၊ မှတ်တမ်း Mr.Shuhei Omori၊ နည်းပြဆရာ Akeomi NITTA နှင့် လက်ဝှေ့သမားများဖြစ်ကြသော ဆာမူကာဝါ (လုံးချောနှင့်ယှဉ်မည့်သူ)၊ ခရေဇီပေးလ်(တွေ့မရှောင်နှင့်ယှဉ်မည့်သူ)၊ ကူရီနိုင်းတိုရှီယာ (ကြယ်လင်းအောင်နှင့် ယှဉ်မည့်သူ)၊ ဂျင်ကာဝါ (စောငမန်းနှင့်ယှဉ်မည့်သူ)တို့နှင့်အတူ အားပေးသူအဖြစ် ဂျပန်အမျိုးသမီး Kozue MAES HIRO လည်း ပါဝင်သည်။

ကူရီနိုင်းတိုရှီယာ၊ ခရေဇီပေးလ်၊ ဦးဌွေးဝင်း၊ ဦးစိုင်းဇော်ဇော်၊ ဂျင်ကာဝါ၊ ဆာမူကာဝါတို့ကို လေဆိပ်၌ တွေ့ရစဉ်။

စိန်ခေါ်မည်

နည်းပြဆရာ Akeomi NITTA သည် KI ပြိုင်ပွဲများတွင် နာမည်ကျော်ခဲ့သော လက်ဝှေ့သမားဟောင်းတစ်ဦးဖြစ်သည်။ လေဆိပ်တွင် ဆာမူကာဝါကို မေးခွန်းအချို့မေးမြန်းခဲ့ရာ ၎င်းက လုံးချောကို ယှဉ်ပြိုင်ထိုးသတ်လိုသောဆန္ဒ ၂၀၀၇ ခုနှစ်ကပင် ရှိခဲ့သော်လည်း ပြိုင်ပွဲဖြစ်မြောက်ရန် အလားအလာ မှေးမှိန်ခဲ့သည့်အတွက် စိတ်ပျက်မိခဲ့ကြောင်း၊ ယခုကဲ့သို့ အမှန်တကယ် ယှဉ်ပြိုင်ရမည်ဆိုသောအခါ မိမိဆန္ဒပြည့်ဝပြီဖြစ်၍ ဝမ်းသာကျေနပ်မိကြောင်း ပြောကြားသည်။ ဆာမူကာဝါ အနေဖြင့် လုံးချောကို ဦးတည်စိန်ခေါ်ထိုးသတ်လိုခြင်းမှာ သေချာပေါက် အနိုင်ရရှိလိမ့်မည်ဟု ထင်မှတ်သောကြောင့်ပါလားဆိုသည့်အမေးကို ဆာမူကာဝါက "မိမိအနေဖြင့် လုံးချော ထိုးသတ်သောပွဲများအားလုံးနီးပါးကို ဗွီစီဒီမှတစ်ဆင့် ကြည့်ရှုခဲ့ပါကြောင်း၊ လုံးချောကို တိုက်ခိုက်ရေးသမားကောင်းတစ်ဦးအဖြစ် လေးစားသည့်အတွက် ၎င်းနှင့် ယှဉ်ပြိုင်ထိုးသတ်ကာ ပညာယူလိုသောဆန္ဒဖြင့် စိန်ခေါ်ခြင်းသာဖြစ်ပါကြောင်း၊ ယခုပွဲတွင် လုံးချောနှင့် ယှဉ်ပြိုင်ထိုးသတ်ရေးကိုသာ အဓိကထား၍ အနိုင်အရှုံးကို အဓိက မထားပါကြောင်း" ပြောကြားသည်။

ယှဉ်ပြိုင်ထိုးသတ်

စောငမန်းနှင့်ထိုးသတ်မည့် ဂျင်ကာဝါက "စောငမန်း ထိုးသတ်သောပွဲကို တစ်ပွဲသာ ကြည့်ရှုလေ့လာဖူးကြောင်း၊ ကွဲ့ခိုင်သန်မာ၍ အစွမ်းရှိသော လက်ဝှေ့သမားဖြစ်သည်ဟု နားလည်မိကြောင်း၊ စောငမန်းက မြန်မာ့ရိုးရာလက်ဝှေ့တွင် နာမည်ကြီး လက်ဝှေ့သမား တစ်ယောက်ဖြစ်သည်ဟု သိထားသဖြင့် မိမိအနေဖြင့် အနိုင်အရှုံးကို ကြိုတင်ပြောကြားရန် ခက်ပါကြောင်း၊ အစွမ်းရှိသမျှ မလျှော့တမ်း ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ၎င်း၏ စိတ်ကြိုက်တိုက်ကွက်မှာ ညာလက်သီး ဖြစ်ကြောင်း" ဆက်လက် ပြောကြားသည်။

ဆာမူကာဝါအား မြန်မာလှပျိုဖြူတစ်ဦးက ပန်းစည်းကမ်းကြိုဆိုစဉ်။

တွေ့မရှောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ခရေဇီပေးလ်က "မိမိအနေဖြင့် တွေ့မရှောင်ထိုးသတ်သောပွဲကို တစ်ပွဲသာ ကြည့်ရှုလေ့လာဖူးကြောင်း၊ ထိုလေ့လာမှုအရ တွေ့မရှောင်သည် ထူးခြား ပြောင်မြောက်သော လက်ဝှေ့သမား ဖြစ်ပြီး အံ့မခန်းသတ်ကွက်များကို ပိုင်ဆိုင်ထားသူဟု နားလည်မိကြောင်း၊ ထိုသို့သော လက်ဝှေ့သမားနှင့် ယှဉ်ပြိုင်ခွင့်ရမည့်အတွက် ကျေနပ်ဂုဏ်ယူမိကြောင်း၊ ယခုပွဲကို အနိုင်ထိုးသတ်ရန် ကြိုတင်ပြင်ဆင်လာခဲ့ကြောင်း" ပြောကြားသည်။

လက်ရည်ဆင်တူ

ကြယ်လင်းအောင်နှင့် ယှဉ်ပြိုင်ထိုးသတ်မည့် ကူရီနိုင်းတိုရှီယာက "မိမိသည် လွန်ခဲ့သော ၁၀နှစ်ခန့်က မြန်မာ-ထိုင်းနယ်စပ်တွင် မြန်မာ့ရိုးရာလက်ဝှေ့ပွဲတစ်ပွဲ ထိုးသတ်ခဲ့ဖူးပြီး ဂျပန်တွင်လည်းရိုးရာလက်ဝှေ့နှင့်ဆင်တူသော ပြိုင်ပွဲမျိုးရှိရာ ထိုပြိုင်ပွဲများကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ဖူးသဖြင့် ရိုးရာလက်ဝှေ့၏ သဘောသဘာဝကို အတန်အသင့် နားလည်နေသည်ဟု ဆိုနိုင်ကြောင်း၊ အနီးကပ်တိုက်ခိုက်လျှင်မည်သို့၊ ခွာတိုက်လျှင်မည်သို့လုပ်ဆောင်မည်ဟု ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခဲ့ပါကြောင်း၊ ကြယ်လင်းအောင် ထိုးသတ်သည့်ပွဲကို တစ်ပွဲသာ ကြည့်ရှုလေ့လာဖူးသော်လည်း ကွဲ့ခိုင်သန်မာ၍ အစွမ်းထက်သော လက်ဝှေ့သမားတစ်ဦးအဖြစ် ရှုမြင်မိကြောင်း၊ ၎င်းနှင့်ခက်ခက်ခဲခဲယှဉ်ပြိုင်ရလိမ့်မည်ဟုလည်း နားလည်ထားကြောင်း" စသဖြင့် ပြောကြားသည်။ ။

(မြန်မာ့အလင်း)

ရွှေနိုင်ငံသတင်းဂျာနယ် အတွဲ(၇)၊ အမှတ်(၂၄)ထွက်ပြီ

ရန်ကုန် မေ ၁

ရာသီဥတုပြောင်းလဲမှု သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ဦးစားပေး၊ ပညာရှင်များက ဘယ်လိုမြင် ဘယ်လိုပြော ဘယ်လိုရေးကြသလဲ မျက်နှာဖုံးဆောင်းပါးဖြင့် ထွက်လာသည့် အဆိုပါဂျာနယ်တွင် ရင့်ကျက်ပြီလား၊ ဉာဏ်ပညာကြီးမြင့်ခြင်း၊ အဘယ်ကြောင့် လူငယ်(၂) ထူးခြားပေသော လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မွန်ပြည်နယ်၏ ရွှေရောင် အနာဂတ်၊ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲတွေကို စနစ်တကျ ကျင်းပပေးမည်။ ချည်မျှင်စက်ရုံ(မြစ်သား)ဖွင့်ပြီ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် အမြဲတံခါးဖွင့်ကြိုဆို၊ ပန်းတနော်-အိမ်မဲ-မြောင်းမြ လမ်းပြုပြင်ထိန်းသိမ်းရေးနှင့် လပွတ္တာ - သဃ်န်းကြီး - ပြင်စလူလမ်းဖောက်လုပ်နေမှု အမြန်ပြီးရေးကြိုးပမ်း စသည့် ပြည်တွင်းနှင့် ပြည်ပသတင်းများ၊ ဓာတ်ပုံများ ဝေဝေဆာဆာဖြင့် ဖော်ပြပါရှိသည်။

အဆိုပါ ဂျာနယ်ကို **(အပေါ်ယာပုံ)** ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်၊ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ပန်းရွှေပြည်စာအုပ်ဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်ဆိုင်တို့၌ ဝယ်ယူရရှိနိုင်ပြီး ဆက်သွယ်ရန်နှင့် စာမူပေးပို့ရန်လိပ်စာမှာ အမှတ်(၈) ပန်းခြံတာဝါ ဒုတိယထပ် ဓမ္မစေတီလမ်းနှင့် ဗားကရားလမ်းထောင့် မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၈၃၀၂ ဖြစ်သည်။ **(သတင်းစဉ်)**

သန့်ရှင်းသောအစားအစာ စားသုံးရေး ပညာပေးဟောပြော

ရန်ကုန် မေ ၁

ပန်းဘဲတန်းမြို့နယ် ကျန်းမာရေး ကြီးကြပ်မှုကော်မတီမှ ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသောအစားအစာများ စားသုံးနိုင်ရေးပညာပေးဟောပြောပွဲကို ဧပြီ ၂၄ရက် နံနက် ၁၁နာရီက မဟာသိမ်တော်ကြီး ကျောင်းတိုက်မွေ့ရုံအတွင်း ကျင်းပရာ အခမ်းအနားသို့ အစားအသောက်ရောင်းချသော ဈေးဆိုင်ပိုင်ရှင်များ စုစုပေါင်း အင်အား ၁၅၀ခန့် တက်ရောက်ကြသည်။

ဟောပြော

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်က အဖွင့်အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာဒေါ်ခင်မြင့်ဝေက ကျန်းမာသန့်ရှင်း၍ အန္တရာယ်ကင်းသော အစားအစာများအကြောင်း ပညာပေးဟောပြောသည်။ (မြို့နယ် ပြန်/ဆက်)

စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဟောပြော

ရန်ကုန် မေ ၁

ဗိုလ်တထောင်မြို့နယ် အမှတ်(၈)ရပ်ကွက် ဘရဏီကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင် ဧပြီ၂၈ရက် နံနက် ၁၀နာရီခွဲက စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးဟောပြောပွဲ ကျင်းပရာ ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းနွဲ့က စာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ ဘရဏီစာကြည့်တိုက်အတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လှူဒါန်းသော စာအုပ်စာစောင်များကို ဒေါ်သန်းနွဲ့က ပေးအပ်လှူဒါန်းရာ အမှတ်(၈)ရပ်ကွက် ဥက္ကဋ္ဌ ဦးခင်မောင်မြင့်က လက်ခံယူသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒေါ်မီမီသက်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းအေးနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

ရောင်းအားမြှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် မေ ၁

Super Power & Speed အဆင့်မြင့်အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီ အမျိုးမျိုး ဖြန့်ချိရေး ရန်ကုန်(ရုံးချုပ်)၏ နှစ်ပတ်လည် ဆုချီးမြှင့်ပွဲကို ဧပြီ၅ရက် နံနက် ၁၀နာရီက အမှတ်-က(၃၉) အခန်း(၉) ဘုရင့်နောင်ဈေးကြီး မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့၌ ကျင်းပသည်။

Myanmar New Stars Industry Co.,Ltd. ၏ Managing Director ဦးကိုလေး တစ်နှစ်တာ ကာလအတွင်း ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။
(သတင်းစဉ်)

ပေးအပ်ချီးမြှင့်

ရှေးဦးစွာ Myanmar New Stars Industry Co.,Ltd. ၏ Managing Director ဦးကိုလေးက မိတ်ဆက်စကားပြောကြားပြီး ၂၀၀၈ခုနှစ် ဇွန် ၁ရက်မှ ဒီဇင်ဘာ၃၁ရက်အထိ တစ်နှစ်တာကာလအတွင်း ရောင်းအားအကောင်းဆုံး အရောင်းကိုယ်စားလှယ်ကြီးများ ဖြစ်ကြသော ရောင်းအားအကောင်းဆုံးဆု အမှတ်(၁)ကို ကိုနေဝင်း-တောင်ကြီး (စာရေးကြီးကားပစ္စည်းဆိုင်)၊ ဆုအမှတ်(၂)ကို အန်တီဝင်း (အင်ဂျင်ဝိုင် ရောင်းဝယ်ရေး) ဘုရင့်နောင်၊ ဆုအမှတ်(၃)ကို ဦးနာသန်း (ကားပစ္စည်းရောင်းဝယ်ရေး) ပဲခူးမြို့ အပါအဝင် အရောင်းကိုယ်စားလှယ် စုစုပေါင်း ၃၃ဦးအား ဆုများပေးအပ်ချီးမြှင့်ပြီး အခြားသော အရောင်း ကိုယ်စားလှယ်ကြီးများအား ရောင်းအားအလိုက် လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ဆက်သွယ်မှာယူနိုင်

Super Power & Speed အဆင့်မြင့် အင်ဂျင်ဝိုင်၊ စက်ဆီ၊ ချောဆီများကို Myanmar New Stars Industry မှ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် U.A.E နိုင်ငံမှ မှာယူတင်သွင်း ဖြန့်ဖြူးလျက်ရှိပြီး လက်လီလက်ကား ရောင်းချလိုသူများအနေဖြင့် ဖုန်း ၀၁-၆၈၆၂၆၃၊ ၆၈၆၃၀၆ နှင့် ၆၈၆၇၂၇တို့သို့ ဆက်သွယ် မှာယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင်ပရိအသင်းများ နည်းပြဆရာများအား စာချုပ်စတင်ချုပ်ဆို

သတင်းနှင့်ဓာတ်ပုံ - ဖိုးသော်ဇင် စာမျက်နှာဖွဲ့စည်းမှု - ခိုင်လွင် (မြန်မာ့အလင်း)

ဥဿာယူနိုက်တက်နှင့် နီမောင်မောင်အောင်တို့ စာချုပ် ချုပ်ဆိုစဉ်။

ရန်ကုန် မေ ၁

မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲဝင် အသင်းများ၏ ကစားသမားအပြောင်းအရွှေ့စာချုပ် လက်မှတ်ရေးထိုးပွဲကို ဧပြီ ၂၈ရက် နံနက်ပိုင်းက ကျင်းပခဲ့ရာ ဥဿာယူနိုက်တက် F.C နှင့် Southern Myanmar F.C တို့က နည်းပြဆရာများနှင့် ကစားသမားများအား စာချုပ်ချုပ်ဆိုခဲ့ကြသည်။

Southern Myanmarနှင့် နည်းပြချုပ် ဦးကျော်တင် စာချုပ်ချုပ်ဆိုစဉ်။

စာချုပ်ချုပ်ဆို

ပဲခူးတိုင်းကိုယ်စားပြု ယှဉ်ပြိုင်မည့် ဥဿာယူနိုက်တက်အသင်းက ကစားသမား ခုနစ်ဦးကို စာချုပ်ထပ်မံချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ကစားသမား ၃၀ ခေါ်ယူပြီးသွားပြီ ဖြစ်သည်။ ဥဿာယူနိုက်တက် F.C မှာ နည်းပြဆရာသုံးဦးနှင့် ကစားသမား ၃၀ စာချုပ်ပြီးသွားပြီဖြစ်ရာ ယင်း ၃၃ ဦးအတွက် လက်မှတ်ထိုးကြေး ကျပ်၁၄၃သိန်း၊ လစာကျပ် ၅၅သိန်း ခုနစ်သောင်း အသုံးပြုထားသည်။ နည်းပြချုပ်ဦးဝင်းတင်ကို လစာကျပ်သုံးသိန်း၊ လက်ထောက်နည်းပြများဖြစ်သည့် ဦးငွေထွန်းနှင့် ဦးအောင်သက်တို့ကို လစာကျပ် နှစ်သိန်းစီ၊ ကစားသမားများဖြစ်သည့် နီမောင်မောင်အောင်(ဘဏ္ဍာ/အခွန်)နှင့် သန်းဇော်လင်း လစာ ကျပ်နှစ်သိန်း ငါးသောင်းစီ၊ လက်မှတ်ထိုးကြေး ကျပ်ခုနစ်သိန်းစီ၊ သိန်းဇော်စိုး(သစ်တော)၊ အောင်ဖြိုးမြင့် (ပြည်ထဲရေး)တို့ကို လစာကျပ်နှစ်သိန်းစီ၊ လက်မှတ်ထိုးကြေး ကျပ်လေးသိန်းစီ၊ ဖြိုးပြည့်စုံဝင်း(မြန်မာနိုင်ငံ ရဲတပ်ဖွဲ့)နှင့် မြတ်မင်းသူကို လစာကျပ်တစ်သိန်းစီ၊ လက်မှတ်ထိုးကြေး ကျပ်နှစ်သိန်းစီ၊ ကောင်းမြတ်ဟန်ကို လစာကျပ် ခုနစ်သောင်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

စိုးကျော်သူနှင့် Southern Myanmar စာချုပ်နေစဉ်။

မွန်၊ တနင်္သာရီ ကိုယ်စားပြု Southern Myanmar အသင်းမှာ ကစားသမားလေးဦး ထပ်မံစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်အထိ ကစားသမား ၂၄ ဦး ခေါ်ယူပြီဖြစ်သည်။ Southern Myanmar အသင်းမှာ နည်းပြဆရာများကိုလည်း စာချုပ်ချုပ်ဆိုခဲ့ပြီး နည်းပြချုပ် ဦးကျော်တင်ကို လစာကျပ်ငါးသိန်း၊ လက်ထောက်နည်းပြ ဦးစောဘမြင့်ကို လစာကျပ်လေးသိန်း၊ ကစားသမားများ ဖြစ်သည့် ဇော်ခါး (စီးပွား/ကူးသန်း)နှင့် စိုးကျော်သူ (Air Bagan)တို့ကို လစာကျပ် သုံးသိန်းစီ၊ လက်မှတ်ထိုးကြေး ကျပ်ငါးသိန်းစီ၊ ခိုင်စိုးထွန်း (မြန်မာ့မီးရထား)နှင့် ဘဏ်လင်းထွန်း (ဆောက်လုပ်ရေး)တို့ကို လစာကျပ် နှစ်သိန်းစီ၊ လက်မှတ်ထိုးကြေးကျပ် လေးသိန်းစီတို့ဖြင့် သဘောတူညီမှုရရှိခဲ့ခြင်း ဖြစ်သည်။ Southern Myanmar အသင်းမှာ နည်းပြဆရာနှစ်ဦး၊ ကစားသမား ၂၄ ဦးကို ခေါ်ယူစာချုပ်ပြီးသွားပြီဖြစ်ပြီး ယင်းအတွက် လက်မှတ်ထိုး ကြေးကျပ် ၁၁၅သိန်း၊ လစာကျပ် ၇၆သိန်း အသုံးပြုထားသည်။

ခေါ်ယူ

ဧပြီ ၂၈ရက်အပြီး မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲဝင် ပရိကလပ် ရှစ်သင်းတို့က ကစားသမား ၂၀၀ကို ခေါ်ယူစာချုပ်ထားပြီး ဥဿာယူနိုက်တက်နှင့် Southern Myanmar အသင်းတို့မှာလည်း နည်းပြဆရာများကို စတင်ချုပ်ဆိုခဲ့ကြသည်။

(မြန်မာ့အလင်း)

ဝက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက်များ ဖြန့်ဝေဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၁

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO)တို့ ပူးပေါင်းကျင်းပသည့် ဝက်တုပ်ကွေးရောဂါဆိုင်ရာ သတင်းအချက်အလက် ဖြန့်ဝေဆွေးနွေးပွဲကို ဧပြီ ၂၈ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ FAO မှ အကြီးတန်းပညာရပ်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ်(Chief Technical Advisor) Dr. Murray Maclean **(ယာပုံ)**နှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်ကြီးတို့က ဝက်တုပ်ကွေးရောဂါနှင့် လူတွင်ဖြစ်ပွားနေသော ဝက်တုပ်ကွေးရောဂါတို့နှင့် စပ်လျဉ်းသည့် ကမ္ဘာ့နိုင်ငံများတွင် လက်ရှိဖြစ်ပွားကူးစက်မှု၊ နိုင်ငံအစိုးရများနှင့် WHO၊ FAO၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ချုပ် OIE၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေမှု၊ ဝက်မွေးမြူသူများနှင့် အများပြည်သူတို့ လိုက်နာပူးပေါင်းဆောင်ရွက်ရန်အချက်များ၊ မြန်မာနိုင်ငံတွင် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဝက်မွေးမြူထုတ်လုပ်ရောင်းချသူများအသင်းနှင့် စာနယ်ဇင်းမှပုဂ္ဂိုလ်များ စုစုပေါင်း ၆၀ ကျော် တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြိုးတန်းဇာတ်ကား နောက်ဆုံးပတ်ရုံတင်

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် မေ ၁

ခင်ခင်ထူး၏ ဝတ္ထုဇာတ်လမ်းကို နေဝင်းမြင့် ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာမီးပွားရိုက်ကူးသည့် **ကြိုးတန်း** ဇာတ်ကားမှာ သမ္မတရုံတွင် နောက်ဆုံးပတ်အဖြစ် ပြသတော့မည် ဖြစ်သည်။ **ကြိုးတန်း** ဇာတ်ကားသည် မင်းသားကြီး ကျော်ဟိန်း၏ နောက်ဆုံး အနုပညာလက်ရာဇာတ်ကားကြီးအဖြစ် မှတ်တမ်းတင်ကျန်ရစ်မည့် ဇာတ်ကားကြီးဖြစ်သည်။ လာမည့်သောကြာပတ် (မေ ၈ရက်)တွင် မျက်ခြယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဒါရိုက်တာဇော်မြင့်ဦးရိုက်ကူးပြီး ရန်အောင်၊ ခန့်စည်သူ၊ နန္ဒာလှိုင်၊ ခိုင်သင်းကြည်နှင့် ဇော်ဝမ်းတို့ ပါဝင်ထားသည့် **ကဝေပျို၏ပစ္စုပ္ပန်** ဇာတ်ကား ရုံဝင်လာမည်ဖြစ်သည်။

ကျော်ဟိန်းနှင့် စိုးမြတ်သူဇာတို့၏ ကြိုးတန်း ဇာတ်ကားမှ သဘာဝအမူအရာ။



နိုင်ငံခြားကားသစ်ရုံတင်

ဒါရိုက်တာ Tom Tykwer ၏ **The International** ဇာတ်ကားသစ်မှာ နေပြည်တော်ရုံတွင် ရုံဝင်လာသည်။ နိုင်ငံတကာ ရဲတပ်ဖွဲ့ထောက်လှမ်းရေးမှူးနှင့် ဒေသန္တရ ရှေ့နေတို့ နှစ်ဦးပူးပေါင်းပြီး ဘဏ်ကြီးတစ်ခု၏ ဥပဒေပြင်ပလုပ်ရပ်များဖြစ်သော တရားမဝင်ငွေမည်းများ၊ အကြမ်းဖက်စစ်ပွဲများအတွက် ထောက်ပံ့မှုများ၊ တရားမဝင် လက်နက်ရောင်းချမှုများကို ခြေရာခံ စုံစမ်းဖော်ထုတ်လိုက်ပုံများကို ထူးခြားသော ရိုက်ချက်များဖြင့် ရိုက်ကူးထားသော အက်ရှင်ဇာတ်ကား ဖြစ်သည်။ သွင်ရုံတွင် **Valkyrie**၊ မင်္ဂလာရုံတွင် အင်ဂျလီနာဂျိုလီ အထူးပါဝင်ထားသော **Wanted**၊ ရှေ့ဆောင်ရုံတွင် မင်းသား ရှာရွတ်ခန်၏ **Billu Barber** ဇာတ်ကားများ ဆက်လက်ပြသနေသည်။ ရိုးသားသော သာမန်လူတစ်ဦး၏ ရိုးစင်းသော ဘဝတစ်ခုကို ရိုးရိုးလေး တင်ပြထားသော ဇာတ်ကားဖြစ်သည်။ **ဘီလူးဘာဘာ**တွင် ရှာရွတ်ခန်၊ အေဖန်ခန်း၊ လာရာဒက်တာ၊ ပရီရန်ကာချိုပရာ၊ ကရီနားကပူရ်၊ ဒီပီကာ ပါဒူကုန်းတို့ ပါဝင်ထားသည်။

မြို့မရုံမှာ ဘာ့ဒ်ရှားပြသ

မင်းသား ရှာရွတ်ခန်နှင့် မင်းသမီး တွင်ကယ်ခန်နာတို့ ပါဝင်ထားသော **Baadshah** ဇာတ်ကား မြို့မတန်းမြင့်ရုံတွင် ရုံဝင်လာသည်။ စုံထောက်ဘာ့ဒ်ရှားနှင့် ထောက်လှမ်းရေးဌာနတို့မှ လျှို့ဝှက်အမည် ဘာ့ဒ်ရှားတို့၏ အမျိုးသမီး ပြည်နယ်ဝန်ကြီးချုပ်သတ်မှု အရှုပ်တော်ပုံကို သည်းထိတ်ရင်ဖိုရိုက်ကူးထားသော ဇာတ်ကား ဖြစ်သည်။ မြို့လယ်ဘုရင့်ရုံတွင် ရီသစ်ရိုရှန်၊ ရာနီးလ်မူကာဂျီတို့ ပါဝင်ထားသော လူငယ်မေတ္တာဘွဲ့ဇာတ်ကား **Mojuse Dosti Karo Ge** ရုံဝင်လာသည်။

ရွှေယောက်ဖ

ကြပ်ကလေး၏ဝတ္ထုကို ဇော်မြင့်ဦး ဇာတ်ညွှန်းရေးသားပြီး ဒါရိုက်တာ အောင်ဩဘာ ရိုက်ကူးထားသည့် **ရွှေယောက်ဖ** အဆင့်မြင့် မြန်မာဗီဒီယို ဇာတ်ကားမှာ ရွှေမန်း၊ စံပြ၊ သီတာ၊ လှိုင်သာယာ ဝဇီရာ-၂ရုံများတွင် ဆက်လက်ပြသနေဆဲ ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**



ရွှေယောက်ဖဇာတ်ကားမှ ဟိန်းဝေယံနှင့် အိန္ဒြာကျော်ဇင်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအတွက် ရွှေပြားများ ပူဇော်လှူဒါန်းနိုင်ရန် အသိပေးနိုးဆော်ခြင်း

ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၃၂၅ ပေရှိ “ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး” အား နေပြည်တော်၌ တည်ထားပူဇော်လျက်ရှိပါသည်။

လှူဒါန်းနိုင်

စေတီတော်မြတ်ကြီးအတွက် ရွှေပြားများအား အောက်ပါအတိုင်း ပါဝင်လှူဒါန်းနိုင်ပါသည်-

(၁) ငှက်ပျောဖူးတော်တွင် ကပ်လှူရန်ရွှေပြား (၁ပေ× ၁ပေ)	၂၉၆၄ ချပ် ၁ ချပ်	ကျပ် ၁၆၂၀၀၀၀ နှုန်း
(၂) ကြာနှင့်ရွဲများတွင် ကပ်လှူရန် ရွှေပါးလွှာ (၁ပေ× ၁ပေ)	၄၂၀၈ ချပ် ၁ ချပ်	ကျပ် ၅၈၀၀၀၀ နှုန်း

ဆက်သွယ်နိုင်

ရွှေပြားနှင့် ရွှေပါးလွှာများ လှူဒါန်းလိုသူများသည် ဥပ္ပါတသန္တိစေတီတော် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ အတွင်းရေးမှူး ဖုန်း - ၀၆၇-၄၁၄၂၀၅၊ ၄၁၄၂၀၂၊ ၄၁၄၂၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေး နှိုးဆော်အပ်ပါသည်။

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး ဟင်းရွက်ရေလှောင်တမံ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးသည် တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီ၂၂ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့ ဟင်းရွက်ရေလှောင်တမံသို့ ရောက်ရှိပြီးနောက် ဟင်းရွက် ရေလှောင်တမံမှ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ချန်ပီယံလိဂ်၊ ပရီမီယာလိဂ်ဖလားများကာကွယ်ရေးနှင့် ဖာဂူဆန်

သတင်းမှတ်စု - မောင်မောင်မြင့်ဆွေ စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို(မြန်မာ့အလင်း)

လန်ဒန် မေ ၁

ချန်ပီယံလိဂ်နဲ့ ပရီမီယာလိဂ်ဖလားတွေကို ကာကွယ်နိုင်ဖို့ အကြိတ်အနယ်အားထုတ်ကြိုးစားနေရတဲ့မန်ယူဟာ နောက်တန်းခံစစ်မှူး ဖာဒီနန် နံရိုးဒဏ်ရာရရှိနေတာမို့ ဖာဂူဆန်အတွက် ခေါင်းခဲစရာတစ်ရပ်ဖြစ်နေပါတယ်။

မေ၂ရက် **(ယနေ့)**မှာ ကစားရမယ့် ပရီမီယာလိဂ်ပွဲစဉ်ဖြစ်တဲ့ မစ်ဒယ်ဘရော့နဲ့ အဝေးကွင်းမှာ ကစားရမယ့်ပွဲအတွက် ဖာဒီနန်ပါဝင်ကစားနိုင်တော့မှာမဟုတ်ပါဘူး။ ဒါ့အပြင် လာမည့် မေ ၅ရက်မှာ အာဆင်နယ်ကွင်းမှာ အာဆင်နယ်နဲ့ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ဒုတိယအကျော့ပွဲစဉ်မှာလည်း ဖာဒီနန်ပါဝင်ကစားနိုင်တော့မှာမဟုတ်ပါဘူး။

ပြန်လည်ကောင်းမွန်

ဒါပေမယ့် ဖာဒီနန်ရဲ့ဒဏ်ရာဟာ ပြန်လည်ကောင်းမွန်လာမယ့် အနေအထားရှိတာမို့ နည်းပြဖာဂူဆန်ကတော့ စိတ်ပူပန်စရာအကြောင်းမရှိဘူးလို့ ဖာဂူဆန်က ပြောကြားပါတယ်။

ဖာဂူဆန်ဟာ မစ်ဒယ်ဘရော့နဲ့ မန်ယူတို့ပွဲအတွက် စိတ်ပူပန်မှုရှိနေတာတော့အမှန်ပါပဲ၊ မန်ယူအသင်းရဲ့ အနေအထားကိုကြည့်ရင် ဖာဒီနန် ပါဝင်ကစားနိုင်ဖွယ်မရှိလို့ မစ်ဒယ်ဘရော့ကို အနိုင်ကစားဖို့အတွက် အခက်အခဲတော့ရှိနေမှာပါပဲ။ ဒါပေမယ့် ဖာဂူဆန်ကတော့ ဒီပွဲစဉ်အတွက် စိတ်ပူပန်မှုမရှိဘူးလို့ ပြောကြားပါတယ်။

မန်ယူနည်းပြ ဖာဂူဆန်အနေနဲ့ကတော့ ပွဲတိုင်းအနိုင်ကစားပြီး ပရီမီယာလိဂ် ဖလားကို ကာကွယ်နိုင်ရေး ကြိုးစားသွားမယ်လို့ ပြောကြားနေပေမယ့် လက်တွေ့မှာ အတော်လေး ရုန်းကန်ရမယ့် အခြေအနေကတော့ ကြုံတွေ့နေရဆဲပါပဲလို့ ဖာဂူဆန် ပြောကြားပါတယ်။

“စိတ်ပူပန်မှုမရှိပါဘူး”
ဖာဂူဆန်

မန်ယူဟာ ဒီနှစ်ဘောလုံးရာသီမှာ ဖလားနှစ်လုံးကာကွယ်ရေး ဦးတည်နေတာမို့ ခက်ခက်ခဲခဲ ဖြတ်သန်းရမှာပါ။ လောလောဆယ်မှာတော့ ပရီမီယာလိဂ်မှာ မန်ယူရဲ့ အခြေအနေက လီဗာပူးထက် တစ်ပွဲလျော့ သုံးမှတ်သာနေပါတယ်။

ပြောကြားနေ

ဘယ်လိုပဲဖြစ်ဖြစ် ချန်ပီယံလိဂ်ဖလားနဲ့ပရီမီယာလိဂ်ဖလားတွေ ကာကွယ်ရေးအတွက် မိမိမှာ ကြိုတင်ပြင်ဆင်မှုတွေရှိနေပါတယ်လို့ ဖာဂူဆန်က ပြောကြားနေပြီး မေ၂ရက် **(ယနေ့)**ကစားရမယ့်ပွဲရော မေ ၅ရက် ချန်ပီယံလိဂ်ပွဲစဉ် အတွက်ပါ အောင်မြင်မှုတွေရရှိမယ်လို့ ဖာဂူဆန်က ပြောကြားနေပါကြောင်း။ **(အင်တာနက်)**

နွေရာသီအပြောင်းအရွှေ့၌ ကစားသမားထပ်မံခေါ်ယူနိုင်ရေး ကစားသမားအချို့ရောင်းရမည်ဟု လီဗာပူးနည်းပြ ဝန်ခံ

လန်ဒန် မေ ၁

နွေရာသီ အပြောင်းအရွှေ့ဈေးကွက်တွင် ကစားသမားအချို့ကို ဝယ်ယူရေး အတွက် ရန်ပုံငွေဖြည့်တင်းရန် ကစားသမားအချို့ကို ရောင်းထုတ်ရမည်ဖြစ်ကြောင်း လီဗာပူးနည်းပြ ရာဖေးလ်ဘင်နီတက်ဇ်က ဝန်ခံပြောကြားခဲ့သည်။

လုပ်ဆောင်မည်

ဘင်နီတက်ဇ်သည် ယခုနှစ် ဘောလုံးရာသီ ပိတ်ခါနီးတွင် မန်ယူ၊ ချယ်လ်ဆီးတို့နှင့် ရင်ပေါင်တန်းနိုင်ရန် ၎င်း၏အသင်းအင်အားတောင့်တင်းရေးကို အလေးဂရုပြုမည်ဖြစ်သည့်အပြင် လာမည့်ဘောလုံးရာသီတွင် ပရီမီယာလိဂ် သရဖူအတွက် တွန်းအားပေးနိုင်ရန်လည်း ယင်းကဲ့သို့ လုပ်ဆောင်မည်ဖြစ်သည်။

လီဗာပူးအသင်းသည် အက်စ်တွန်ဗီလာမှ ဂရက်သ်ဘာရီအား စာချုပ်ချုပ်ဆိုခေါ်ယူနိုင်ရန် ဒုတိယအကြိမ် ဆက်သွယ်ကြိုးစားခဲ့သကဲ့သို့ ဗလင်စီယာ တိုက်စစ်မှူး ဒေးဗစ်ဗီလာ၊ ပို့စ်မောက် ညာခံစစ်မှူး ဂလင်ဂျွန်ဆင်တို့အားလည်း ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။ ဘာရီသည် ဘင်နီတက်ဇ်၏ တစ်ကျော့ပြန် ပစ်မှတ်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေး ကြီးမြင့်ဖွယ်ရှိသည်။ သို့သော်လည်း ဘင်နီတက်ဇ်သည် ကစားသမားတစ်ဦးချင်း၏ စွမ်းရည်ထက်မြက်မှုအရ သူ့အသင်း၏ စွမ်းဆောင်ရည်ကို ချိန်ညှိမည်ဖြစ်သည်။

ရောင်းထုတ်ဖွယ်

ရှိုင်ယန်ဘာဘယ်လ်နှင့် အန်းရီယာဒေါ့ဆင်နာတို့ ခြေစွမ်းမပြနိုင်သည့်အတွက် ရောင်းထုတ်ဖွယ်ရှိပြီး ဟစ်ပီယာသည်လည်း အရန်နည်းပြအဖြစ်ဆောင်ရွက်ရန် ကမ်းလှမ်းခေါ်ယူခံရဖွယ်ရှိသည်။ **(အင်တာနက်)**

ရော်ဂျာဖက်ဒဲရားနှင့် ဒီဂျိုကိုဗစ် အေတီပီမာစတာတင်းနစ်ပြိုင်ပွဲ အကြိုဗိုလ်လုပွဲတက်ရောက်

ရောမ မေ ၁

အီတလီနိုင်ငံ ရောမမြို့တွင် မေ ၁ရက်ကကျင်းပသည့် အေတီပီမာစတာ အမျိုးသားတင်းနစ်ပြိုင်ပွဲတွင် ဒီဂျိုကိုဗစ်နှင့် ရော်ဂျာဖက်ဒဲရားတို့ ပြိုင်ဘက်များကို အသီးသီးအနိုင်ရရှိပြီး နှစ်ဦးစလုံး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားကြပြီ ဖြစ်သည်။

အနိုင်ရရှိ

ဒီဂျိုကိုဗစ်သည် ပြိုင်ဘက်ကမ္ဘာ့အဆင့်ပဥ္စမရှိသည့် မာတင်ဒီလ်ပေါ်ဆိုအား ၆-၃၊ ၆-၄ဖြင့် နှစ်ပွဲပြတ်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်း ဖြစ်သည်။

တက်ရောက်

ထို့အတူ ရော်ဂျာဖက်ဒဲရားကလည်း ဂျာမန်တင်းနစ်သမား မစ်ချာအား ၇-၆ (၇-၃)၊ ၆-၂ဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲတက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

ချစ်စိုးနိုင် စုစည်းသည်



တီဗက်ဇ်အားခေါ်ယူရန် ဘင်နီတက်ဇ် ပြင်ဆင်

လန်ဒန် မေ ၁

လီဗာပူးနည်းပြ ဘင်နီတက်ဇ်သည် မန်ယူတွင် နေရာမရ ဖြစ်နေသော ကားလို့စ် တီဗက်ဇ်အား ကမ်းလှမ်းခေါ်ယူရန် ပြင်ဆင်နေကြောင်း သတင်း၌ဖော်ပြသည်။

ဘာဘာတော့ဗ် အိုးထရက်ဖို့ဒ်သို့ ရောက်လာကတည်းက မန်ယူတွင် နေရာရရေးအတွက် ရုန်းကန်နေရသော တီဗက်ဇ်သည် ယခုဘောလုံးရာသီအကုန်တွင် မန်ယူအသင်းမှ ထွက်ခွာဖွယ်ရှိသည်။

တီဗက်ဇ် ပြောင်းရွှေ့လိုသည့် အသင်းမှာ ရီးရဲမက်ဒရစ်ဟု သတင်းများ ထွက်ပေါ်နေချိန်တွင် လီဗာပူးနည်းပြ ဘင်နီတက်ဇ်ကလည်း ချယ်လ်ဆီး၊ အင်တာမီလန်နှင့် မန်စီးတီး တို့ကဲ့သို့ တီဗက်ဇ်ကို ခေါ်ယူလိုကြောင်း အချက်ပြခဲ့သည်။

(အင်တာနက်)

မန်ယူကလပ် လာမည့်နွေရာသီ၌ အင်ဒိုနီးရှားသို့ လာရောက်ကစားမည်

လန်ဒန် မေ ၁

လာမည့်နွေရာသီတွင် မန်ယူကလပ်အနေဖြင့် ချစ်ကြည်ရေးဘောလုံးပွဲများကစားရန် စီစဉ်ထားရာ အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကစားမည်ဖြစ်ကြောင်း မန်ယူကလပ်က မေ ၁ရက်၌ ထုတ်ဖော်ပြောကြားသည်။

လှည့်လည်ကစား

မန်ယူအသင်းသည် ၁၉၇၅ခုနှစ်မှစတင်ကာ အာရှနိုင်ငံများသို့ နွေရာသီ ချစ်ကြည်ရေးဘောလုံးပွဲများ လှည့်လည်ကစားခဲ့ရာတွင် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ကစားခြင်းမှာ ယခုအကြိမ်သည် ပထမဆုံးဖြစ်သည်။

ခြေစမ်းပွဲ

မန်ယူသည် အင်ဒိုနီးရှားတွင် လာမည့်ဇူလိုင်၂၀ရက်၊ မလေးရှားနိုင်ငံ၌ ဇူလိုင် ၁၈ရက်နှင့် တောင်ကိုရီးယားတွင် ဇူလိုင်၂၄ရက်၊ တရုတ်နိုင်ငံတွင် ဇူလိုင်၂၆ရက်များ၌ ချစ်ကြည်ရေးခြေစမ်းပွဲ လာရောက်ကစားမည်ဖြစ်သည်။ (အင်တာနက်)

မန်ယူတွင်နေရာရရေး နာနီကြိုးစားသွားမည်

လန်ဒန် မေ ၁

ပြီးခဲ့သည့်ဧပြီ၂၅ရက်က စပါးအသင်းအား အနိုင်ရရှိခဲ့သောပွဲစဉ်တွင် မိမိ၏အခြေအနေကို စိတ်ပျက်ခဲ့သော်လည်း မန်ယူအသင်းတွင် ဆက်ကစားပြီး နေရာရရေးအတွက် ကြိုးစားမည်ဖြစ်ကြောင်း မန်ယူ တောင်ပံကစားသမားနာနီက အတည်ပြုပြောကြားခဲ့သည်။

ပေါ်တူဂီလက်ရွေးစင် နာနီသည် ယင်းနေ့က စပါးအသင်းကို မန်ယူက နှစ်ဂိုး-ဂိုးမရှိဖြင့်ရှုံးနိမ့်နေသည့် ပထမပိုင်းတွင် ပြိုင်ပွဲမှ လူစားလဲကာ အရန်ခုံတွင် ထိုင်နေခဲ့ရသည်။

နာနီသည် ယခုဘောလုံးရာသီပွဲစဉ်များ စကတည်းက အရန် ထိုင်ခုံတွင်သာ ထိုင်နေခဲ့ရပြီး ခြောက်ပွဲသာလူစားလဲ ကစားခဲ့ရသေးသည်။ **(အင်တာနက်)**

အကောင်းဆုံးဂိုးသမားအဖြစ် အယ်လ်မူနီယာအား ဝင်းဂါးချီးကျူး

လန်ဒန် မေ ၁

အာဆင်နယ်ဂိုးသမား အယ်လ်မူနီယာသည် တစ်နေ့တွင် အင်္ဂလန်လက်ရွေးစင်အသင်းကို ကိုယ်စားပြုနိုင်ဖွယ်ရှိပြီး အကောင်းဆုံးဂိုးသမားဖြစ်သည်ဟု နည်းပြ အာစင်ဝင်းဂါးက ယုံကြည်နေဆဲဖြစ်သည်။

စပိန်လူမျိုး အယ်လ်မူနီယာသည် ပြီးခဲ့သည့် ဧပြီ၂၉ရက်က ချန်ပီယံလိဂ် အကြို ဗိုလ်လုပွဲ ပထမအကျော့အဖြစ် မန်ယူအသင်း၏အိုးထရက်ဖို့ဒ်၌ ထိပ်တန်းလက်စွမ်းပြ ကာကွယ်သွားသဖြင့် မန်ယူကို အာဆင်နယ်က တစ်ဂိုး-ဂိုးမရှိဖြင့်သာ ရှုံးနိမ့်ခဲ့သည်။

အယ်လ်မူနီယာသည် ၂၀၀၄ခုနှစ် ဇူလိုင်လတွင် ဆဲလ်တာဗီဂိုမှ အာဆင်နယ်သို့ ရောက်ရှိခဲ့သူဖြစ်ပြီး အင်္ဂလန်နိုင်ငံဥပဒေအရ မကြာမီ အင်္ဂလန်နိုင်ငံသားအဖြစ် ခံယူနိုင်တော့မည်ဖြစ်သည်။ **(အင်တာနက်)**

2-5 (13).pmd 1 5/2/2009, 2:07 AM

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု ဘိုကလေးမြို့နယ် စက်ဆန်းတိုက်နယ်တွင် ကျင်းပ

ဘိုကလေး ဧပြီ ၁၅

ဘိုကလေးမြို့နယ်၏ လေဘေးကယ်ဆယ်ရေး ရှေ့တန်းစခန်းဖြစ်သော စက်ဆန်း တိုက်နယ်ဆေးရုံဝင်းတွင် ဧပြီ ၆ ရက်က အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကျင်းပရာ စက်ဆန်းကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးထိန်ဝင်းက အဖွင့်အမှာစကား ပြောကြားသည်။

ပညာပေးဟောပြော

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်လှလှကြည်က ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးဆက်စပ်နေပုံနှင့် လက်သန့်ရှင်းမှုသည် ရောဂါများစွာကို ကာကွယ်နိုင်ကြောင်း ပညာပေးဟောပြောပြီး **(အောက်ပုံ)** မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဝင်းရည်မွန်က သန့်လေးသန့်နှင့်အညီ နေထိုင်မှုကျန်းမာရေးအဆင့်မြင့်မည်ဖြစ်ကြောင်းကို ပညာပေးဟောပြောသည်။

ဆက်လက်ကျင်းပ

ဆက်လက်၍ ဧပြီ ၇ရက်နှင့် ၈ရက်များတွင် ကသမျှင်ကျေးရွာ၊ ဂရမ်းကျေးရွာ၊ ပက်ပြဲကျေးရွာနှင့် မြုံးစခန်းကျေးရွာများတွင် အခမ်းအနားများ ဆက်လက်ကျင်းပပြီး ရွာသူရွာသားများအား ပညာပေး ဟောပြောကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဟားခါးစည်ပင် ပလက်ဖောင်း တည်ဆောက်

ဟားခါး ဧပြီ ၂၃

ဟားခါးမြို့ ဗိုလ်ချုပ်လမ်းဘေး လူသွားစင်္ကြံလမ်း ပေ ၂၀၀၀ x ၄ ပေ တည်ဆောက်မှုအခြေအနေကို ဧပြီ ၂၂ရက်က ချင်းပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးမျိုးအောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတမ်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်မြင့်တို့က ပလက်ဖောင်း တည်ဆောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြောင်း သိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ကျောက်စီခြင်းလုပ်ငန်းဆောင်ရွက်

တွန်းဇနမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်း ကျောက်စီနံရံ အရှည်ပေ ၃၀၀တွင် ကျောက်များကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ထော်လာဂျီကားဖြင့် သယ်ပို့ခြင်း၊ ကျောက်စီခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကို မတ် ၂၆ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထပ်မန်း ကြီးကြပ်စဉ်။

(မြို့နယ် ပြန်/ဆက်)

ပေါက်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးကျော်အေးနှင့် အဖွဲ့ဝန်ထမ်းများ မတ် ၁၆ ရက်က ပေါက်တောမြို့ သန့်ရှင်းသာယာလှပရေး၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး၊ ရေမြောင်းများအတွင်းအမှိုက်နှင့် ရေပုပ်ရေဆိုးများ မရှိစေရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

မြဝတီမြို့လမ်းကတ္တရာခင်း

မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ရန်မျိုးနိုင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းမှုကို မတ် ၂၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးငွေစိုးတို့ ကြပ်မတ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

စာကြည့်တိုက်လုပ်ငန်းများ စနစ်တကျရှိစေရေး မိုးကောင်းမြို့နယ် ပြန်/ဆက်ဝန်ထမ်းများ ဆွေးနွေး

မိုးကောင်း ဧပြီ ၂၉

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမာန်ဝိုင်းသည် မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးဝန်ထမ်းများနှင့် တွေ့ဆုံပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် မွန်းလွဲ ၁ နာရီခွဲက မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် ခရိုင်ဦးစီးအရာရှိက ၂၀၀၉-၂၀၁၀ပြည့်နှစ် ဦးစီးဌာနမှ ချမှတ်ပေးထားသောလုပ်ငန်းတာဝန်(၁၁)ရပ်ကို အသေးစိတ်ရှင်းလင်းပြီး မြို့နယ်ရုံး စာကြည့်တိုက် လုပ်ငန်းများ စနစ်တကျရှိစေရေး၊ ကျေးရွာစာကြည့်တိုက်များ မြေနေရာနှင့်အဆောက်အအုံရရှိရေးတို့ကို ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ခရိုင်ဦးစီးအရာရှိသည် ဖားကန့်မြို့နယ်ရုံး၌ ဧပြီ ၂၄ ရက်တွင်လည်းကောင်း၊ ကာမိုင်းမြို့ရုံး၌ ဧပြီ ၂၅ရက်က လည်းကောင်း ဝန်ထမ်းများနှင့်တွေ့ဆုံ ဆွေးနွေးမှာကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေး ဗိုလ်တထောင်၌ဟောပြော

ရန်ကုန် မေ ၁

ဗိုလ်တထောင်မြို့နယ် စည်ပင်သာယာရေးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေးဟောပြောပွဲကို ဗိုလ်တထောင်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးခန်းမတွင် ဧပြီ ၂၉ ရက် နံနက် ၁၀နာရီက ကျင်းပသည်။

စစ်ဆေးဆောင်ရွက်

ဟောပြောပွဲတွင် ဗိုလ်တထောင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူးအဆင့်(၁)ဒေါ်သန်းသန်းဝင်းက ဟောပြောပြီး **(အောက်ပုံ)** ချမ်းမြေ့ဈေးနှင့် ဘိုကလေးဈေးအတွင်းရှိ စားသောက်ဆိုင်များနှင့် သား၊ငါးရောင်းချသည့် ဈေးသည်များ တက်ရောက်ကြသည်။ မြို့နယ် ကျန်းမာရေးကြီးကြပ်မှုကော်မတီမှ ဦးဆောင်၍ အပတ်စဉ် အင်္ဂါနှင့် သောကြာနေ့များတွင် ကုန်သည်လမ်း၊ ဗိုလ်အောင်ကျော်လမ်းနှင့် သိမ်ဖြူလမ်းကြားရှိ ပုံကျလမ်းဘေး အစားအသောက် ရောင်းချသည့်ဆိုင်များကို မြို့နယ်အတွင်း ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေး နှိုးဆော်ချက်

ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ကာလဝမ်းရောဂါအပါအဝင် ဝမ်းနှင့်ပတ်သက်သောရောဂါများသည် ရောဂါပိုးများပါဝင်သည့် ရေ၊ အစားအသောက်တို့ကို စားသောက်မိရာမှ ကူးစက်ပြန့်ပွားပါသည်။

ရေနှင့်အစားအသောက်များအတွင်းသို့ ရောဂါပိုးများသည် အောက်ပါအကြောင်းများကြောင့် ရောက်ရှိပါသည်-

(က) မသန့်ရှင်းသည့် လက်၊အိုး၊ ခွက်၊ ပန်းကန်တို့ဖြင့် အစားအစာများ ချက်ပြုတ်ပြင်ဆင်ခြင်း၊ စားသောက်ခြင်း။

(ခ) အစားအသောက်များသို့ ယင်အုံ၊ ယင်နားခြင်း။

(ဂ) မိုးရွာသောအခါများတွင် သောက်သုံးရေတွင်း၊ ရေကန်များအတွင်းသို့ မသန့်ရှင်းသောရေနှင့် အမှိုက်သရိုက်များ စီးဝင်ခြင်း။

(ဃ) သောက်သုံးရေတွင်း၊ ရေကန်များသည် အိမ်သာနှင့်နီးကပ်စွာတည်ရှိခြင်း၊ အိမ်သာထက်နိမ့်သောနေရာများတွင် ရှိခြင်း။

သို့ပါ၍ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန်-

- ➢ ရေကို ကျိုချက်၍သောက်ပါ။
- ➢ ယင်နားစာများ မစားပါနှင့်။
- ➢ ယင်လုံအိမ်သာ အသုံးပြုပါ။
- ➢ အစားမစားမီနှင့် အိမ်သာမှအဆင်းတွင် လက်နှစ်ဖက်လုံးကို ဆပ်ပြာဖြင့် စင်ကြယ်စွာဆေးကြောပါ။
- ➢ တစ်ကိုယ်ရေသန့်ရှင်းရေးကို အလေးထားဆောင်ရွက်ပါ။
- ➢ အမှိုက်သရိုက်များကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှော ရောဂါဖြစ်ပွားပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့၍ ကုသမှုခံယူကြပါရန် နှိုးဆော်အပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

2-5 (15).pmd 1 5/2/2009, 2:07 AM

ဘားအံမြို့နယ်အတွင်း အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းမှု ရက်သတ္တပတ် ကျန်းမာသန့်ရှင်းရေးစီမံချက်ကိုရေးဆွဲ၍ အပတ်စဉ် စုပေါင်းဆောင်ရွက်လျက်ရှိရာ ဘားအံမြို့ အမှတ်(၉)ရပ်ကွက် ဝါဆိုဦးကျောင်းလမ်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မြောင်းဖော်ခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ဆေးဖျန်းခြင်းလုပ်ငန်းများကို ရပ်ကွက်ပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုအားပေးစဉ်။ (၀၀၈)

စရိတ်သက်သာပြီး ကျေးရွာ၊ ရပ်ကွက်တိုင်း မီးလင်းရေး ဘိုင်အိုဘက်ထရီ လက်တွေ့အသုံးပြုနည်း သရုပ်ပြ

မန္တလေး မေ ၂၆

နွားချေးနှင့် အိမ်သုံးဆားကို အသုံးပြု၍ မီးထွန်းခြင်း ဘိုင်အိုဘက်ထရီ လက်တွေ့ပြသရှင်းလင်းခြင်းကို မေ၂၁ ရက် နံနက်၉နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ၁၉ လမ်း အောင်မြေသာစံရပ်ကွက်ရုံး၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်နိုင်၊ အတွင်းရေးမှူး ဒေါ်မွေးမွေးကိုနှင့်အဖွဲ့ဝင်များ၊ ရပ်ကွက် ၁၉ ရပ်ကွက်မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်နန်းမာလာဆွေနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အတွင်းမှ အိမ်ထောင်ရှင်များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်နိုင်က နွားချေးနှင့်အိမ်သုံးဆားကို အသုံးပြု၍ မီးဖြစ်ပေါ်လာပုံနှင့် လိုအပ်သောပစ္စည်းများ၊ ဓာတ်အားရရှိမှုနှင့် မီးထွန်းနိုင်မှုအခြေအနေ၊ စရိတ်သက်သာပြီး ကျေးရွာ၊ ရပ်ကွက်တိုင်း မီးလင်းစေရေးအတွက် တာရှည်အသုံးခံသော ဘိုင်အိုဘက်ထရီအကြောင်း အသေးစိတ်ရှင်းပြသည်။ ထို့နောက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရဲထွန်းဦးက လက်တွေ့ ပြုလုပ်နည်းများကို သရုပ်ပြသည်။ **(အောက်ယာပုံ)**

တာရှည်အသုံးခံ

အဆိုပါ ဘိုင်အိုဘက်ထရီသည် နွားချေး သုံးပိဿာ၊ အိမ်သုံးဆားသုံးပိဿာဆတူ ရောနှော၍ ရေသန့်ဘူးခွံ၊ ခေါင်းဖြတ်ပြီး ၁၂ဘူးကို အားမရှိသော ဓာတ်ခဲ အဟောင်းများ အသုံးပြု၍(LED) မီးတွဲ အလုံး ၃၀ မှ ၆၀အထိ မီးထွန်းနိုင်သဖြင့် စရိတ်သက်သာပြီး တာရှည်အသုံးခံ ဘိုင်အိုဘက်ထရီဖြစ်ကြောင်း သိရသည်။ (၀၉၀)

စံ(၅)ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များ ဖြစ်ပေါ်ရေး စာအုပ်များပေးအပ်လှူဒါန်း၊ ဟသ်ာတတွင် ကျင်းပ

ဟသ်ာတ မေ ၃၀

ဟသ်ာတမြို့နယ် ကညင်ကောက်ကျေးရွာအုပ်စုရှိ ကျေးရွာစာကြည့်တိုက်များ စံ(၅) ချက်နှင့် ညီညွတ်သော စာကြည့်တိုက်များဖြစ်ပေါ်ရေး ဆွေးနွေးဟောပြောပွဲနှင့် စာအုပ်များပေးအပ်လှူဒါန်းပွဲကို မတ် ၂၈ရက် နံနက် ၉နာရီက ကညင်ကောက်ကျေးရွာအုပ်စု တောရှည်ကျေးရွာစာကြည့်တိုက်ရှေ့ရှိ ကွင်းပြင်၌ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဟသ်ာတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်နိုင်က ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆွေးနွေးမှာကြားပြီး ဟသ်ာတခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းက ကျေးရွာစာကြည့်တိုက်များ ခိုင်မာရှင်သန်ရေးအတွက် စံ(၅)ချက်နှင့် ပြည့်စုံသော စာကြည့်တိုက်များဖြစ်ပေါ်လာရေး၊ စာငှားစနစ်ကျင့်သုံးအကောင်အထည်ဖော်ဆောင်ရွက်ရေးများကိုရှင်းလင်းဆွေးနွေးဟောပြောသည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိ ဦးမြင့်သိန်းက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်များကို ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံယူပြီး ရပ်မိရပ်ဖ ဦးငြိမ်းမြင့်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်းသိရသည်။ (၁၇၇)

ပင်းတယမြို့လယ် ပုန်းတလုတ်ရေကန်သာယာလှပရေးနှင့် သန့်ရှင်းရေးအတွက် မေ ၅ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးတင့်ဝေကြီးကြပ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

မီးသတိပြု

စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ဇန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပ

ဇန်းမော် မေ ၂၉

၂၀၀၉-၂၀၁၀ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို မေ ၂၅ရက် နံနက် ၉ နာရီက ဇန်းမော်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

တာရှည်အသုံးခံ

ရှေးဦးစွာ ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ဇန်းမော်ခရိုင်၏ စတုတ္ထကာလတို ငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်ဖြစ်သော ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက်တာဝန်ပေးအပ်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးဝင်းကြည်က ၂၀၀၉-၂၀၁၀ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဇန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်မြင့်က ၂၀၀၉-၂၀၁၀ ခုနှစ် နှစ်စဉ်စီမံကိန်းရည်မှန်းချက်တာဝန်များကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်နှင့်မြို့များသို့ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြသည်။

အဆိုပါ အခမ်းအနားသို့ ဇန်းမော်ခရိုင်အတွင်းရှိ ဇန်းမော်မြို့နယ်၊ မိုးမောက်မြို့နယ်၊ မန်စီမြို့နယ်၊ ရွှေကူမြို့နယ်၊ လွယ်ဂျယ်မြို့၊ ဒေါ့ဖုန်းယန်မြို့နှင့် မြို့လှမြို့နယ်တို့မှ မြို့နယ်ဥက္ကဋ္ဌနှင့် စိုက်ညှိအဖွဲ့များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

စဉ့်ကူး၌ တာရှည်အသုံးခံ ဘိုင်အိုဘက်ထရီသုံးစွဲမှု သရုပ်ပြ

စဉ့်ကူး မေ ၂၇

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ်အတွင်းရှိ ကျေးရွာတိုင်း၊ အိမ်ထောင်စုတိုင်းတွင် တာရှည်အသုံးခံ ဘိုင်အိုဘက်ထရီသုံးစွဲမှု သရုပ်ပြပွဲနှင့် ပေးအပ်ပွဲကို မေ ၂၁ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှ၊ အတွင်းရေးမှူး ဦးသန်းနွယ်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး မြင့်လွင်၊ မြို့နယ် လျှပ်စစ်ဓာတ်အားလုပ်ငန်းမှလျှပ်စစ်အင်ဂျင်နီယာဦးကျော်နိုင်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊မြို့နယ်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ တက်ရောက် ကြည့်ရှုကြသည်။

တာရှည်အသုံးခံ

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုင်းမောင်လှက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်အတွင်းရေးမှူး ဦးသန်းနွယ်နှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်နိုင်တို့က အိမ်ထောင်စုတိုင်း စရိတ်ကျဉ်း လွယ်ကူစွာ အသုံးပြုသွားလာနိုင်ပုံများနှင့် ဘိုင်အိုဘက်ထရီ အသုံးပြုနည်းစနစ်များကို လက်တွေ့သရုပ်ပြသ ရှင်းလင်းသည်။ **(အပေါ်ပုံ)**

ပေးအပ်

ထို့နောက်မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တာဝန်ရှိသူတို့က အသင့်ပြုလုပ်ပြီး ဘိုင်အိုဘက်ထရီများကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများထံ ပေးအပ်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ ဆက်)

နောင်ချိုပြန်/ဆက်ဦးစီးဌာနရုံးတွင် စာဖတ်သူဦးရေတိုးတက်လာ

နောင်ချို မေ ၂၂

နွေရာသီ ကျောင်းပိတ်ရက်ဖြစ်သောကြောင့် နောင်ချိုမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် နေ့စဉ်မြို့ပေါ်ရပ်ကွက်အတွင်းရှိ စာဖတ်လိုသူ ကျောင်းသား ကျောင်းသူများသည် ဆောင်းပါး၊ ဂျာနယ်နှင့် ဝတ္ထုစာအုပ်များကို ရုံးတွင် လေ့လာဖတ်ရှုခြင်း၊ ငှားရမ်းခြင်းများဖြင့် စာဖတ်သူဦးရေ ယခင်နှစ်ကထက် ပိုမိုတိုးတက်လာလျက်ရှိသည်။

ကူညီဆောင်ရွက်

ထို့ကြောင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် စာကြည့်တိုက်မှူး ဒေါ်အိအိစိုးတို့သည် မေ ၉ ရက်က စာဖတ်လေ့လာကြသူများအား စိတ်ချမ်းမြေ့စွာ ငှားရမ်းဖတ်ရှုရေးအတွက် စာအုပ်များ စနစ်တကျစာရင်းများရေးသွင်းကာ ကူညီဆောင်ရွက်ဖြည့်ဆည်းပေးလျက်ရှိကြောင်း သိရသည်။ (၀၂၅)

မြို့နယ် သတင်းများ

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်ရှိလာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနားရေဆိပ် စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသောနေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင်သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်အပူချိန်တက်ပါက ရေအေးဖတ်နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုး၌ နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ (၂၀၀၉)

တပ်မတော်ခန်းမ၌ ခင်းကျင်းပြသ

ရန်ကုန် မေ ၁

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပသည့် မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ(၂၀၀၉) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

နှုတ်ခွန်းဆက်စကားပြောကြား

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို တပ်မတော်ခန်းမရှေ့၌ ကျင်းပရာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

စာမျက်နှာ ၈ ကော်လံ ၅

လမျက်နှာပြင်တွင် စက်ရုပ်ဖြင့် အိမ်ရာစီမံကိန်း ဆောက်လုပ်မည်

ဘာသာပြန် သတင်းမှတ်စု - မိုးမြင့်လင်းလက်

အရှုံဂြိုဟ်လ၏ မျက်နှာပြင်ပေါ်တွင် ပထမဆုံးအိမ်ရာ တည်ဆောက်ရေးစီမံကိန်းကို စက်ရုပ်များဖြင့် အကောင်အထည်ဖော် ဆောက်လုပ်သွားရန် ဆွီဒင်သုတေသနပညာရှင်များက စီစဉ်နေပြီဖြစ်သည်။

တည်ဆောက်ပေး

အာကာသဒုံးပျံယာဉ်ဖြင့် သယ်ဆောင်သွားမည့် အဆိုပါ စက်ရုပ်သည် နေအိမ်တစ်လုံးကို သတ်မှတ်ထားသည့် ပုံစံအတိုင်း ဆောက်လုပ်ပေးနိုင်ကြောင်း၊ ယင်းစက်ရုပ်သည် လူတစ်ဦးကဲ့သို့ ဆောက်လုပ်ရေးလုပ်ငန်းများ တည်ဆောက်ပေးနိုင်သည်။

ရွှန်နေဟုအမည်ပေးထားသော ယင်းစက်ရုပ်သည် လူတစ်ဦးကဲ့သို့ အသိဉာဏ်ရှိနေပြီး နေအိမ်တစ်လုံးကို တစ်ဦးတည်းဆောက်လုပ်သွားနိုင်မည်ဖြစ်သည်။ သာမန်လူတစ်ဦးကဲ့သို့ လမ်းလျှောက်မှုနှင့် အသိဉာဏ်ရှိနိုင်အောင်လည်း နည်းပညာထည့်သွင်းထားသည်။

စာမျက်နှာ ၁၀ ကော်လံ ၅

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် ဖွံ့ဖြိုးဝေစည်နေသော ရခိုင်ပြည်နယ်က မြေပုံမြို့



မြေပုံမြို့နယ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ဆင်းသွယ်လတ် စပါး ရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှုနေသည်ကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း - သတင်းထောက် စဥ့်ကူစိုးဝင်း ❖ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး (မြန်မာ့အလင်း)

ရန်ကုန် မေ ၁

မတ် ၂၈ ရက် နံနက် ၆ နာရီတွင် သတင်းခရီးသည်နှင့်အတူ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြမောင်ကြီးတို့ စစ်တွေရှိ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁*

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ် နမ်ပေါင်မှ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဆွမ်ဟွမ်ပျားလိမ္မော်ခြံ



သတင်းဆောင်းပါး	-	တင်ထွေး (သတင်းစဉ်)
ဓာတ်ပုံမှတ်တမ်း	-	သန်းဦး (သတင်းစဉ်)
စာမျက်နှာဖွဲ့စည်းမှု	-	သောင်းရွှေ (မြန်မာ့အလင်း)

ရန်ကုန် မေ ၁

၂၀၀၉ခုနှစ် နှစ်ဆန်းပိုင်းတွင် သတင်းတာဝန်ဖြင့် မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ ခရီးထွက်ဖြစ်ခဲ့ရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသများကိုလည်း ရောက်ခွင့်ကြုံခဲ့သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ရောက်ရှိချိန်သည် အအေးပိုသော ဖေဖော်ဝါရီလဆန်းပိုင်းဖြစ်၍ မိုးလင်းမိုးချုပ် အနွေးထည်ကို မချွတ်တမ်းဝတ်ခဲ့ရပြီး ပျားလိမ္မော်လှိုင်လှိုင်ပေါ်သောအချိန်လည်း ဖြစ်သည်။

ဆုတောင်းပြည့်

ရန်ကုန်တွင် ပျားလိမ္မော်သီး လှိုင်လှိုင်ပေါ်နေသော်လည်း ဈေးကြီးမှန်းသိ၍ ကြိုက်နှစ်သက်ပါလျက်နှင့် စိတ်အလိုမလိုက်ဖြစ်ခဲ့ချေ။ ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ ခရီးစထွက်စဉ်ကတည်းက ပျားလိမ္မော် တဝကြီးစားပစ်လိုက်မည်ဟု အားခဲထားခဲ့ရာ ဆုတောင်းပြည့်ခဲ့ရပါသည်။

စာမျက်နှာ ၃ ကော်လံ ၁

အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပျားလိမ္မော်သီးများ၏ အလေးချိန်ကြောင့် အကိုင်းများ ညွတ်ကွေးကျနေသည်ကို ဤသို့တွေ့ခဲ့ရသည်။ (သတင်းစဉ်)

2-5 (20).pmd 1 5/2/2009, 2:07 AM